ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

(၁၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

[ကြာသပတေးနေ့]

အချိန်၊ ၁၀း၀၀။

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အားလုံးမင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၆၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၆။

ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၈-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေး တက်ရောက်။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ဝိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ နော်ခရစ္စတွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးတက်ရောက်။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၂၀၁၈ ခုနှစ် အာရှ တာဝေးနှင့်မသန်စွမ်း ချန်ပီယံစက်ဘီးစီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်။ နော်ဆာမူတူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးနှင့် ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးတို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၅)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၃၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

အချိန်၊ ၁၀း၀၉။

ဥက္ကဋ္ဌ။ ။ ယခုခွင့်ပန်ကြားချက်များကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၉။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(၈)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

အချိန်၊ ၁၀း၁၀။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ပြည်တွင်းစစ် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ ရှောင်တိမ်းနေထိုင်နေကြရသော ဒေသအသီးသီးမှ စစ်ပြေးဒုက္ခသည်များအား ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၁၁။

ဥက္ကဋ္ဌ။ ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ပြည်တွင်းစစ် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာရှောင်တိမ်းနေထိုင်ကြရသော ဒေသအသီးသီးမှ စစ်ပြေးဒုက္ခသည်များအား

ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၁၁။

ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ မဂ်လာပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုရပါတယ်။ ကျွန်တော် ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ယနေ့ ကျင်းပတဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ ပြည်တွင်းစစ်ပွဲ ပဋ္ဌိပက္ခများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေထိုင်နေကြရတဲ့ ဒေသအသီးသီးမှ ဒုက္ခသည်များနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမြောက်ဖျားဒေသဖြစ်တဲ့ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ဒေသတွေမှာ ယခင်အစိုးရသက်တမ်းကပင် ဒေသတွင်း စစ်ပွဲပေါင်းများစွာဖြစ်ပွားခဲ့ပြီး ယနေ့ထိတိုင် မိမိတို့ဇာတိ၊ ရပ်ရွာပြန်လည်အခြေချရန် မဖြစ်နိုင်သေးတဲ့ ကျေးရွာတွေအများအပြား ရှိနေပါသေးတယ်။ ကာယကံရှင်များအနေဖြင့် မိမိတို့ နေရပ်ထံ ပြန်လည်အခြေချ လုပ်ကိုင်စားသောက်လိုသော်လည်း နယ်မြေအခြေအနေ အရပ်ရပ်ကြောင့် No Man's Land Area သတ်မှတ်ခံထားရတဲ့ အနေအထားတွေရှိနေပါသေးတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်၍ ဖွဲ့စည်းထားသော ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု၊ အကူအညီ အထောက်အပံ့ ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တွင် လုပ်ငန်းအဖွဲ့(၉)ဖွဲ့ ထပ်မံဖွဲ့ထားပြီး လုပ်ငန်းအဖွဲ့(၁)ဖွဲ့လျှင် အဖွဲ့ဝင်(၂၀)ဦးပါဝင်ကြောင်း၊ အလှည့်ကျ တစ်ကြိမ်လျှင် ရက်ပေါင်း(၂၀)ကြာသွားရောက်၍ ဒေသလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရှိရပါတယ်။ ဌာနပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ပါဝင်ပူးပေါင်းထားပြီး စီးပွားရေးလုပ်ငန်းရှင်ကြီးများ ကိုယ်တိုင် အလှူငွေ ထည့်ဝင်မတည်ငွေ(၁၆.၇)ဘီလီယံ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရန်ပုံငွေ(၂)ဘီလီယံ၊ ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏ အရေးကြီးရန်ပုံငွေ (၂၃)ဘီလီယံကျော် ခွဲဝေသုံးစွဲပေးတဲ့အပြင် ဂျပန်နိုင်ငံနှင့် နိုင်ငံတကာထောက်ပံ့ငွေများဖြင့် ဆောင်ရွက်နေတာကို ကျွန်တော်တို့ လှိုက်လှဲစွာ ကြိုဆိုထောက်ခံရမယ့် စီမံကိန်းကြီးဖြစ်ပါတယ်။ ဤကဲ့သို့ ပူးပေါင်းပါဝင်မှုအားဖြင့် လက်တွေ့ကျကျ ကွင်းဆင်းလုပ်ဆောင်ပေးမည်ဆိုပါက ရခိုင်ဒေသသာမက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ စစ်ဘေးရှောင်ဒုက္ခသည်များလည်း အလျင်အမြန် တည်ငြိမ်အေးချမ်းမှု ဘဝကို ရရှိခံစားနိုင်မှာဖြစ်ပါတယ်။

ပြည်တွင်းစစ်ပွဲများကြောင့် အချိန်ကာလ(၂)နှစ်ကျော်နှင့် (၆)နှစ်ဝန်းကျင်ကြာမြင့်စွာ နေရပ်မပြန်နိုင်တဲ့ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ ပြေးရှောင်နေရသော ဒုက္ခသည်များအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်စေလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ တင်ပြမေးမြန်းအပ်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကဲ့သို့သော စီမံကိန်းမျိုးကို စစ်ဘေးရှောင်ဒုက္ခသည်များ တည်ရှိရာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်၊ ကိုးကန့်ဒေသတို့တွင်လည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ နေရပ်စွန့်ခွာ စစ်ရှောင်ဒုက္ခသည်များအား မိမိနေရပ်သို့ လုပ်ကိုင်စားသောက်နေထိုင်ရန် ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့စီစဉ်ဆောင်ရွက်မည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

အချိန်၊ ၁၀း၁၆။

ဥက္ကဋ္ဌ။ ။ မေးခွန်းနှင့်ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ---------- (သြဘာသံများ)

အချိန်၊ ၁၀း၁၆။

ဥက္ကဋ္ဌ။ ။ ကိုယ်စားလှယ်ကြီးများ သတိတော့ထားပါ။ လက်ခုပ်တီးမယ်ဆိုလည်း စောစောတီး။ ဥက္ကဋ္ဌက ပြောပြီးကာမှ တီးတယ်ဆိုတော့ အနှောင့်အယှက်ဖြစ်တယ်။ နောက်ပြီး သတိထားပေးပါ။ သြဘာပေးချင်တယ်ဆိုရင် စောစောစီးစီးသြဘာပေးပါ။ ဥက္ကဋ္ဌမပြောခင်။

အချိန်၊ ၁၀း၁၆

ဥက္ကဋ္ဌ။ ။ မေးခွန်းနှင့်ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၁၆။

ဒေါက်တာဝင်းမြတ်အေး (ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ ပြည်တွင်းစစ် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာရှောင်တိမ်းနေကြတဲ့ ဒေသအသီးသီးမှ စစ်ဘေးဒုက္ခသည်တွေကို ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ စီစဉ်ဆောင်ရွက်နေသည်ဆိုတဲ့ မေးခွန်းနှင့်တစ်ဆက်တည်း ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကဲ့သို့သော စီမံကိန်းမျိုးကို စစ်ဘေးရှောင်ဒုက္ခသည်များတည်ရှိရာ ကချင်ဒေသနှင့် ရှမ်းပြည်နယ်၊ ကိုးကန့်ဒေသတို့တွင်လည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေရပ်စွန့်ခွာ စစ်ရှောင်ဒုက္ခသည်များအား မိမိနေရပ်သို့ လုပ်ကိုင်စားသောက်

နေထိုင်နိုင်ရန် ပြည်ထောင်စုအစိုးရမှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ UEHRD နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါတယ်။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise For Humanitarian Assistance, Resettlement And Development In Rakhine) ဟာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပနိုင်ငံတကာ အဖွဲ့အစည်းအစုံ ပါဝင်နိုင်ရေး၊ ကဏ္ဍစုံ၊ အလွှာစုံ ပါဝင်နိုင်ရေး၊ လုပ်ငန်းမျိုးစုံဆောင်ရွက်နိုင်ရေးတို့အတွက် ရည်ရွယ်ပြီးဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာဖြစ်ပွားခဲ့တဲ့ အခြေအနေများနှင့်ပတ်သက်ပြီး UEHRD က အဓိက လုပ်ငန်းစဉ်ကြီး(၃)ခုကို ဆောင်ရွက်နေပါတယ်။ နံပါတ်(၁)ကတော့ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး ဖြစ်ပါတယ်။ နံပါတ်(၂)ရည်ရွယ်ချက်ကတော့ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ဖြစ်ပါတယ်။ နံပါတ်(၃)အနေနှင့်ကတော့ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋ္ဌိပက္ခကင်းဝေးရေးတို့ပဲ ဖြစ်ပါတယ်။ ဒီ လုပ်ငန်းစဉ် တစ်ခုချင်းစီကို ပြည်တွင်းမှာရှိတဲ့ စီးပွားရေး လုပ်ငန်းရှင်တွေ၊ NGO တွေ၊ CSO တွေနှင့် ပြည်သူတွေက တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်း များကလည်း စိတ်ရင်းစေတနာအမှန်နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အရေး ဖြစ်လို့ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေ အနေနှင့်လည်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

လူသားချင်းစာနာထောက်ထားမှုအကူအညီကို ပိုမိုထိရောက်စွာ ပေးနိုင်ဖို့အတွက် နိုင်ငံ တစ်ဝန်းမှ လူငယ်များရဲ့ ပြည်သူ့အတွက်ရက်(၂၀)စီမံချက်နှင့် မိမိတို့ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်း လူငယ်အစီအစဉ်ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြည်လည် ဝင်ရောက်လာမယ့်သူများအတွက် ဘင်္ဂလားဒေ့ရှ် - မြန်မာ နှစ်နိုင်ငံသဘောတူညီချက်စာချုပ်နှင့် စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးအတွက်ကိုလည်း စီစဉ်ထားရှိပါတယ်။ UEHRD ပြည်ထောင်စုစီမံကိန်းမှာ အဖွဲ့ (၉)ဖွဲ့၊ လုပ်ငန်းအဖွဲ့(၉)ဖွဲ့ ဖွဲ့စည်းထားပါတယ်။ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက် ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စီးပွားရေးဇုန်များဖွံ့ဖြိုးရေး၊ သတင်းနှင့် ဆက်သွယ်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အသေးစားငွေချေးထောက်ပံ့မှု၊ ဘဏ္ဍာငွေစုဆောင်းရေးနှင့် ခရီးသွား လုပ်ငန်းကဏ္ဍမြှင့်တင်ရေးဆိုပြီး လုပ်ငန်းအဖွဲ့(၉)ဖွဲ့ ဖွဲ့စည်းပြီး ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရခိုင်ဒေသမှာ ရေရှည် ပဋ္ဌိပက္ခကင်းဝေး ရေးအတွက် ပဋ္ဌိပက္ခရဲ့အခြေခံအကြောင်းအရင်းများကို ဖော်ထုတ်ပြီး လူမှုသဟဇာတဖြစ်ရေး၊ ဒေသ လုံခြုံရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ UEHRD ကဲ့သို့သော စီမံကိန်းမျိုးကို ကချင် ဒေသနှင့် ရှမ်းပြည်နယ်၊ ကိုးကန့်ဒေသတွေမှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းအပေါ် အခုအချိန်မှာ UEHRD ကဲ့သို့ သဘောဆောင်တဲ့ စီမံကိန်းများဖြစ်တဲ့ တိုက်ပွဲရှောင် ဒုက္ခသည်များအတွက် ကူညီထောက်ပံ့မှုများ၊ ပြန်လည်နေရာချထားရန် ဆောင်ရွက်မှုများ၊

နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနများအနေနှင့်လည်းကောင်း၊ အခြားဝန်ကြီးဌာနများက ပူးပေါင်း၍လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ကချင်ပြည်နယ်အစိုးရများဖြင့် ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်လျက် ရှိပါတယ်။

ရှမ်းပြည်နယ်မှာ ဆောင်ရွက်ပေးမှုများအနေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ထောက်ပံ့မှုတန်ဖိုးငွေကျပ်သိန်းပေါင်း(၉၀၀၃.၅၂) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ထောက်ပံ့မှုတန်ဖိုးငွေကျပ်သိန်းပေါင်း(၂၆၀၈၃.၂၉၄)သိန်းဖြစ်ပြီး စုစုပေါင်း ငွေကျပ်သိန်း(၃၅၁၀၈၆)ကို ရှမ်းပြည်နယ်၊ ဒေသအသီးသီးမှ တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ပေးခဲ့ပါတယ်။ ၎င်းမှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုက်ပွဲရှောင်များအတွက် ထောက်ပံ့မှုမှာ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်ကုန်အထိ စုစုပေါင်းငွေကျပ် သိန်းပေါင်း (၂၃၇၅၈)သိန်း ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနှင့်လည်း ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့်ပူးပေါင်းပြီး တိုက်ပွဲရှောင် ပြည်သူတွေအတွက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအထိ စားနပ်ရိက္ခာများ လစဉ်ထောက်ပံ့မှုပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် တိုက်ပွဲရှောင်ပြည်သူများသာမက ဒေသခံပြည်သူများပါ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် လက်သမား၊ ပန်းရံ၊ သံချည်သံကွေး၊ အခြေခံစက်ပြင်၊ အခြေခံယာဉ်ပြင်၊ အခြေခံလျှပ်စစ်၊ ဂဟေဆက်ပညာများ သင်ကြားပေးတဲ့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှု၊ လက်မှုပညာသင်ကျောင်းကိုလည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသူများ အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ သိုးမွေးထိုးသင်တန်း၊ အခြေခံလက်ရက်သင်တန်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်း၊ အိမ်တွင်းမှု ကြိမ်၊ ဝါးလုပ်ငန်း သင်တန်းတွေကိုလည်း သင်ကြားပေးတယ်။ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်ကာ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဆက်လက်ဖွင့်လှစ်နိုင်ရေးကိုလည်း စီစဉ်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်အထိ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတို့နှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရဲ့ အစီအစဉ်နှင့် အလှူရှင်များရဲ့ ဆောင်ရွက်မှုများ ပူးပေါင်းကာ လောက်ကိုင်ခရိုင်အတွင်း တိုက်ပွဲရှောင်ပြည်သူများ ပြန်လည်နေရာချထားနိုင်ရေးအတွက် လုံးချင်းအိမ်ရာများ ဆောက်လုပ်လျက်ရှိရာမှ ယခုအခါ လုံးချင်းအိမ်ရာ စုစုပေါင်း(၆၅၇)လုံး ဆောက်လုပ်ပြီးစီးပြီ ဖြစ်ပါတယ်။

ထို့အပြင် လောက်ကိုင်မြို့နယ်၊ ထင်ပါကျိုင်းကျေးရွာအုပ်စုတွင်း အများပိုင်မြေ (၂၉.၅၈) ဧကအား ကျေးရွာခံပြည်သူများက တိုက်ပွဲရှောင် ပြည်သူများအတွက် အိမ်ရာများဆောက်လုပ်ပေးရန် လျှုဒါန်းသဖြင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့မှ အိမ်ရာကွက်(၂၁၈)ကွက် ဖော်ထုတ်ကာ လုံးချင်းအိမ်ရာများ ထပ်မံ ဆောက်လုပ်လျက် ရှိပါတယ်။ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ တပ်ဖွဲ့များမှပူးပေါင်းပြီး လစဉ်ဆောင်ရွက်ပေးလျက်ရှိပြီးတော့ တိုက်ပွဲမှ တိမ်းရှောင်စဉ် ပျက်စီးဆုံးရှုံးခဲ့ရတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများကိုလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ စီမံချက်တစ်ခုအနေနှင့် ပြန်လည်စိစစ်ထုတ်ပေးလျက်ရှိပါတယ်။ တိုက်ပွဲရှောင်ပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းရရှိစေဖို့အတွက် ကိုးကန့်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့အနေနှင့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့်လည်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထို့အတူ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ တိုက်ပွဲရှောင်ပြည်သူများအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်များ၊ ကူညီထောက်ပံ့ရေးအစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ နေရပ်မပြန်လိုသူများကို ပြန်လည်နေရာချထားရာမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နှင့် မြစ်ကြီးနားမြို့၊ ငွေပျော်စံပြကျေးရွာမှာ ပြည်ထောင်စုအစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုနှင့် အိမ်ထောင်စု (၃၇၄)စုမှ လူဦးရေ (၁၆၉၇)ဦးကိုလည်းကောင်း၊ မံစီမြို့၊ ရေခူးမံခံကျေးရွာမှ အိမ်ထောင်စု(၁၇)စုမှ လူဦးရေ (၈၄)ဦးကိုလည်းကောင်း ပြန်လည်နေရာချထားပေးခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်၊ ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လျက်ရှိပြီး ပြည်နယ်အစိုးရက အိမ်ဆောက်ပစ္စည်းများကို တစ်ပါတည်းထောက်ပံ့ပေးခဲ့ပါတယ်။

တိုက်ပွဲရှောင်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်တဲ့ ယာဉ်မောင်းသင်တန်း၊ စက်ချုပ်သင်တန်း၊ ဆံပင်ညှပ်၊ အလှပြင်သင်တန်း၊ မိုဘိုင်းဖုန်းပြင်သင်တန်း၊ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်း၊ မော်တော်ဆိုင်ကယ်၊ ကားပြုပြင်ရေးသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းသင်တန်း၊ အခြေခံလက်သမားသင်တန်း၊ မှိုစိုက်ပျိုးရေးသင်တန်းများကို IDP Camps များမှ သင်တန်းသား၊ လူဦးရေ စုစုပေါင်း (၇၈၇)ဦးကို ပို့ချပြီးဖြစ်ပြီး သင်ထောက်ကူပစ္စည်းများ၊ လုပ်ငန်းအစပျိုးနိုင်ရန် ရင်းနှီးမတည် ထောက်ပံ့ငွေများပေးအပ်ခြင်း ပြုလုပ်ခဲ့ပါတယ်။ အခြားထောက်ပံ့မှုများအနေနှင့် ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ IDP Camps (၂၂)ခုအတွက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် ဝက်သားပေါက် (၈၁၉)ကောင်နှင့် ဝက်စာအိတ်များဖြန့်ဖြူးခြင်း၊ IDP Camps (၂)ခုမှ ကလေးများပညာသင်ကြားမှု ပိုမိုလွယ်ကူစေရန် သုံးဘီးဆိုင်ကယ် (၁)စီးစီဝယ်၍ ထောက်ပံ့ပေးခြင်း၊ အ.လ.က(ခွဲ) မိုင်းနားနှင့် လဝမ်ကထောင် မူလတန်းကျောင်းများအတွက် စာသင်ခုံ၊ စားပွဲနှင့် ထိုင်ခုံများ ဆောင်ရွက်ပေးခြင်း၊ နားမကြား ကလေးသူငယ်များအား နားမကြားကျောင်းသို့ လွှဲပြောင်းစောင့်ရှောက်ပေးခြင်း၊ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်း တက်ရောက်ပြီးသူများအား ငွေပျော်စံပြကျေးရွာ မူလတန်းကြိုကျောင်းတွင် အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်ပေးခြင်း၊ မိုင်းနား Camps အတွက် လက်ယက္ကန်းစင် (၃)စင်၊ ရဟတ်လုံး၊ ခြေချခုံများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် မိုင်းကြောင့် ကိုယ်လက်အင်္ဂါ ထိခိုက်ဆုံးရှုံးသူများကိုလည်း ထောက်ပံ့ပေးလျက်ရှိရာ ကချင်ပြည်နယ်မှာ (၉)ဦး၊ ရှမ်းပြည်နယ်မှာ (၃၀)ဦးအတွက် တစ်ဦးလျှင် (၂)သိန်းကျပ်နှုန်းဖြင့် မကြာမီက စုစုပေါင်းကျပ်(၇၈)သိန်း ထောက်ပံ့ခဲ့ပါတယ်။ တိုက်ပွဲရှောင် ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာမြှင့်တင်ပေးနိုင်ရန် စိတ်ဒဏ်ရာ ရရှိသူများကို စိတ်ဒုက္ခလျှော့နည်းစေပြီး အများပြည်သူများနည်းတူ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရန် ရည်ရွယ်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် စိတ်လူမှုဆိုင်ရာပံ့ပိုးမှုအဖွဲ့ (Mobile Team) များဖွဲ့ပြီး Psychosocial Counselling ပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် တိုက်ပွဲရှောင်စခန်းများမှာ နေထိုင်ရခြင်းအားဖြင့် ငြိမ်းချမ်းမှု၏ တန်ဖိုးကို လက်တွေ့နားလည်သဘောပေါက်ပြီး ငြိမ်းချမ်းလိုသောစိတ် ငြိမ်းချမ်းရေး

ရရှိအောင် ဆောင်ရွက်လိုသောစိတ်များ ဖြစ်ပေါ်စေရေးအတွက် ဆွေးနွေးပွဲများ ပြုလုပ်၍ အားပေး ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများဟာ UEHRD အကောင်အထည်ဖော်မှုနှင့် အလားတူသော ဆောင်ရွက်မှုများ ဖြစ်ပါတယ်။ ယခု လက်ရှိဆောင်ရွက်နေမှုများကို UEHRD ကဲ့သို့ အထူးစီမံကိန်း တစ်ရပ်အဖြစ် စနစ်တကျစုစည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကိုးကန့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်း နေရပ်စွန့်ခွာ စစ်ရှောင်ဒုက္ခသည်များအား မိမိနေရပ်သို့ လုပ်ကိုင်စားသောက်နေထိုင်ရန် ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၈)အရ ပြန်လည်ထူထောင်ရေးဦးစီးဌာန အသစ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ လုပ်ကိုင်နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီလုပ်ငန်းစဉ်များမှာ တိုက်ပွဲရှောင်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို စီမံကိန်းအသွင်နှင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနှင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ပဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရန် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် အထူးစီးပွားရေးဇုန်များ အမြန်ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေပြီး ငြိမ်းချမ်းမှုများ အလျင်အမြန်ရရှိကာ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အနည်းငယ် တင်ပြချင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မေးပါ။ မေးပါ။ ဒီတစ်ခုက ကျွန်တော်က ဒါ မေးခွန်းကဏ္ဍ တင်ပြပါ။ ခင်ဗျား ဘာသိချင်တာလဲ ဖြေတာတော့ အပြည့်အစုံ ဖြေသွားတာပဲ မေး လိုရင်းတိုရှင်းပဲ မေး။

ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ Power Point သုံးစွဲခွင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ဆက်စပ်မေးခွန်းလေ။ ဆက်စပ်မေးခွန်းဆိုတော့ တိုတိုမေး။ ဖြေထားတာ။

ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ No Man's Land Area က ကျွန်တော်တို့ သတ်မှတ်ထားတာက ၂၀၁၅ ခုနှစ်ကတည်းက သတ်မှတ်ခဲ့တယ်။ အခု ကျွန်တော်တို့က ရွာပေါင်း (၂၀)ကျော် ရှိတယ်။ ကျွန်တော် တင်ပြချင်တာက ကျွန်တော်တို့ (၁၀)ရွာလောက် နေထိုင်ခွင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ အခု ပြန်ဆောက်ရမယ့် တန်ဖိုးနည်းအိမ်ရာတွေက ပြန်ဆောက်စရာမလိုတော့ပါဘူး။ ကျွန်တော်က အခု လိုတာက ခုန ဝန်ကြီးဖြေသွားတာက (၆၅၇)လုံး

ပြီးသွားတာ မှန်ပါတယ်။ ကျွန်တော်တို့က အခု လိုနေတာက (၈၀၀)ကျော် လိုနေပါသေးတယ်ဆိုတော့ (၁၀)ရွာ လောက်ကို ကျွန်တော်တို့ နေထိုင်ခွင့်ပြုမယ်ဆိုပါက ကျွန်တော်တို့ ဒီ အိမ်ခြေအလုံး (၈၀၀)လည်း ကျွန်တော်တို့ ပြန်ဆောက်ပေးစရာ မလိုတော့ပါဘူး။ အဲဒါကို ဝန်ကြီးကို သီးခြားအနေနှင့် တင်ပြတာပါ။

ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)။ ။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက လွတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတာအတွက် ကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီ လွတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခြင်းနှင့် ဆက်စပ်ပြီးတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ယခုအခါမှာ တိုက်ပွဲရှောင် ကျေးရွာပေါင်းက (၂၃)ရွာ ရှိပါတယ်။ အဲဒီက ဒုက္ခသည်တွေက မိမိတို့ ဇာတိရပ်ရွာကို ပြန်လည် နေထိုင်စားသောက်လိုတယ်ဆိုတာလည်း ကျွန်တော်တို့ သိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနှင့် ဒီဒေသတွေကိုရောက်ရှိပြီးတော့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို ပြုလုပ်ခဲ့တဲ့နေရာမှာ အဓိကအရေးကြီးတာကတော့ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ဖြစ်ပါတယ်။ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အားကောင်းနေတဲ့ ခုန လွတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ရွာတွေကို ရွေးထုတ်ပြီးတော့ ခုန လွတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်အတိုင်းဆိုရင်တော့ ရွာ(၁၀)ရွာမှာ ပြန်လည်အခြေချနေထိုင်ဖို့ လုပ်ကိုင်နိုင်ဖို့ တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှု အားကောင်းလာပြီဆိုရင် ကျွန်တော်တို့ ဒီကိစ္စကို ဆက်လက်ပြီးတော့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနှင့် ခုနက တင်ပြခဲ့သလိုပဲ ပြန်လည်ထူထောင်ရေး ဦးစီးဌာနအသစ်တစ်ခု ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလည်း ဦးစားပေးဆောင်ရွက်နေပါတယ်။ ဆိုတဲ့အတွက်ကြောင့် လွတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်များနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနှင့် ဒီကျေးရွာ (၁၀)ရွာကို ပြန်လည်ပြီးတော့ သွားရောက်ဆွေးနွေးစိစစ်ပြီးတော့ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အားကောင်းလာတယ်ဆိုရင် ကျွန်တော်တို့ ပြန်လည်နေထိုင်လုပ်ကိုင်နိုင်မယ့် ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ကြက်စာအတွက် ထုံးဓာတ်ပါဝင်သည့် ကျောက်ဆွေးများကို စစ်ကိုင်းမင်းဝံတောင်မှ တူးဖော်ထုတ်ယူသုံးစွဲနေသောကြောင့် မင်းဝံတောင်ကြီး ပြိုလဲပျက်စီးသွားရမည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်သဖြင့် အချိန်မီတားဆီး ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၃၁။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး လွတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းသည့် မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ

မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က ကြက်စာအတွက် ထုံးဓာတ်ပါဝင်သည့် ကျောက်ဆွေးများကို စစ်ကိုင်းမင်းဝံတောင်မှ တူးဖော်ထုတ်ယူ သုံးစွဲနေသောကြောင့် မင်းဝံတောင်ကြီး ပြိုလဲပျက်စီးသွားရမည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်သဖြင့် အချိန်မီတားဆီး ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၂။

ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် မေးခွန်းကတော့ ကြက်စာထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုတဲ့ ထုံးဓာတ်ပါဝင်တဲ့ ကျောက်ဆွေးမြေများအား မကြာမီကာလအတွင်း စစ်ကိုင်းမင်းဝံတောင်ကြီး ပြိုလဲပျက်စီးသွားရမည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။

ဒါကြောင့် စစ်ကိုင်းမင်းဝံတောင်ကြီးအား ပြိုလဲပျက်စီးရတော့မယ့် ဘေးမှ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ဘာကြောင့် ဒီမေးခွန်းကို မေးမြန်းရလဲဆိုတော့ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ စစ်ကိုင်းမြို့နယ် ကျောက်တာရွာရှိ မဲဆန္ဒရှင်တွေနှင့် တွေ့ဆုံဖို့သွားရင်းနှင့် တောင်မြောက်ရှည်လျားစွာ သွယ်တန်းနေတဲ့ စစ်ကိုင်း မင်းဝံတောင်ကြီးဟာ စိမ်းစိမ်းညို့ညို့နှင့် လှပတဲ့ မြင့်မားရှည်လျားတဲ့ တောင်တန်းကြီးအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ ကြည့်ရင်း ကြည့်ရင်းနှင့် တောင်ရဲ့ နောက်ဘက်မျက်နှာမှာ စိမ်းစိမ်းစိုနေတဲ့ အစိမ်းရောင် နောက်ခံမှာ ဖွေးဖွေးဖြူနေတဲ့ အဖြူရောင် မျက်နှာပြင်ကြီးကို လှမ်းတွေ့လိုက်ရတော့ ဒါနှင့်ပတ်သက်ပြီး ဘယ်လိုဖြစ်တာလဲဆိုပြီး လေ့လာစုံစမ်းလိုက်တော့ ကြက်စာထုတ်လုပ်သူတွေ တူးဖော်ထုတ်ယူသုံးစွဲနေကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ကျောက်တာရွာသွား လမ်းမကနေပြီး ဓမ္မိကကြီးချောင်းကို ဖြတ်ပြီးတော့ ပါယ်ငါးဆယ်ရွာကို သွားတဲ့ လမ်းအတိုင်း သွားကြည့်လိုက်တော့ အတွင်းမှာ ပိုမိုဆိုးဝါးစွာနှင့် တောင်ရဲ့ အောက်ခြေကနေ တောင်ကို လှိုက်ပြီးတော့ တွင်းသဖွယ် တူးထားတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ အဲဒီတော့ တောင်ရဲ့ အောက်ခြေကနေ တောင်အောက်ကို လှိုဏ်ခေါင်းကြီးများနေရာ တော်တော်များများ တူးထားတာ တွေ့ရပါတယ်။ စက်တွေနှင့် တူးပြီး ထော်လာဂျီကားတွေနှင့် အခြားကားကြီးတွေနဲ့ သယ်ယူနေတာလည်း တွေ့ရပါတယ်။ ကျောက်တာရွာသွား လမ်းမတစ်လျှောက်မှာ ကြက်စာထုတ်လုပ်တဲ့ စက်ရုံတွေဟာ အကြီးစားစက်ရုံ(၃)ရုံနှင့် အသေးစား စက်ရုံ(၄)ရုံ ရှိပါတယ်။ စစ်ကိုင်းတောင်က တူးလိုက်တဲ့ ကျောက်ဆွေးမြေဟာ ၎င်းစက်ရုံတွေကို ရောက်ရှိပြီး ကြက်စာအတွက် ထုတ်လုပ်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ အဲဒီကြက်စာတွေကိုလည်းပဲ တရုတ်ပြည်ကို တင်ပို့ရောင်းချနေကြောင်း သိရှိရပါတယ်။

ထပ်မံသိရှိရတဲ့ အချက်ကတော့ အဲဒီအထဲမှာ အလွန်အဖိုးတန်တဲ့ သတ္တုဓာတ်တစ်မျိုး ပါတယ်လို့လည်း သိရပါတယ်။

ဒါကတော့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနှင့် လေ့လာဖို့ လိုအပ်မယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ အဲဒီမှာ တူးနေတဲ့ ပုဂ္ဂိုလ်များဟာ ကျွန်တော်ရဲ့ ဒေသခံရွာသူ/ရွာသားများ ဖြစ်ပါတယ်။ ၎င်းတို့ဟာ ကျောက်ဆွေးမြေတူးခ တစ်နည်းပြောရရင်တော့ လုပ်အားခပဲ ရရှိပါတယ်။ ထူးထူးခြားခြား ခံစားခွင့် မရရှိပါဘူး။ ထူးခြားတဲ့ ခံစားခွင့်နှင့် အကျိုးအမြတ် ရရှိသူတွေ ကတော့ စက်ရုံပိုင်ရှင်များပဲ ဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ပြောသင့်/မပြောသင့် အများကြီး ချင့်ချိန်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်မဲဆန္ဒနယ်က ဒေသခံတွေရဲ့ စားဝတ်နေရေးကို ပိတ်ပင်သလိုများ ဖြစ်နေမလားလို့ မပြောပြန်ရင်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လျစ်လျူရှုနေသလို ဖြစ်နေလို့ပါပဲ။ ဒါပေမဲ့ မပြောရင် ကျွန်တော့်ကိုယ်ကျွန်တော် တာဝန်မကျေသလို ခံစားရတဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီအတိုင်းသာ ဆက်လက်တူးဖော်နေရင် မကြာမီ စစ်ကိုင်းမင်းဝံတောင်ကြီးဟာ ပြိုကျပျက်စီးရတော့မယ့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနှင့် အချိန်မီ ကာကွယ်စောင့်ရှောက်ပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးလိုတဲ့ မေးခွန်းက ကြက်စာထုတ်လုပ်ရာမှာ ထည့်သွင်းအသုံးပြုတဲ့ ထုံးဓာတ်ပါဝင်တဲ့ ကျောက်ဆွေးမြေများအား စစ်ကိုင်းမင်းဝံတောင်မှ တူးဖော်ထုတ်ယူ သုံးစွဲနေသဖြင့် မကြာမီကာလအတွင်း စစ်ကိုင်း မင်းဝံတောင်ကြီး ပြိုလဲပျက်စီးရတော့မည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီ ဖြစ်ပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

တောင်ရဲ့ အောက်ခြေမှ တူးယူနေသည့် မြင်ကွင်းပုံ (၀)

တောင်အောက်ခြေ လှိုဏ်ခေါင်းများ ဖြစ်ပေါ်နေသည့် မြင်ကွင်းပုံ (၀-၁)

စက်ရုံမှ ထုတ်လုပ်ထားသည့် ကြက်စာအိတ်များ မြင်ကွင်းပုံ (၀-၂)

ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် နတ်မတောင် ဥယျာဉ်ဧရိယာ သတ်မှတ်ရာ၌ ပွင့်လင်းမြင်သာမှု မရှိပါသဖြင့် ကျေးရွာပြည်သူများနှင့် သက်ဆိုင်ရာအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် ချပြပြီး ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၃၅။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် နတ်မတောင် ဥယျာဉ်ဧရိယာ သတ်မှတ်ရာ၌ ပွင့်လင်းမြင်သာမှု မရှိပါသဖြင့် ကျေးရွာပြည်သူများနှင့် သက်ဆိုင်ရာအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင် ချပြပြီး ပြန်လည် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၃၅။

ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းမြေ့ကြပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် နတ်မတောင်ဥယျာဉ်ဧရိယာ မသတ်မှတ်မီ ကျေးရွာပြည်သူလူထုများကို ချပြခြင်းမရှိပါ။ သတ်မှတ်ပြီးမှ အကြောင်းကြားတာပဲ တွေ့ရပါတယ်။ နောက် သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးမှူးများလည်း မသိရှိကြပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များလည်း လုံးဝမသိရှိရပါ။ နတ်မတောင် ဧရိယာကို နတ်မတောင် ဝန်ထမ်းများမှ ထင်သလိုသတ်မှတ်ပြီး အထက်ရုံးသို့ အစီရင်ခံတင်ပြကာ အထက်ရုံးမှ ကွင်းဆင်းစစ်ဆေး ခြင်းမပြုဘဲ အတည်ပြုချက်ပေးသည်ကို တွေ့ရှိရပါတယ်။ ယခု သွားနေသော စစ်မှန်သော ဒီမိုကရေစီ လမ်းကြောင်းနှင့် သွေဖည်ပြီး ပွင့်လင်းမြင်သာမှု လုံးဝမရှိသည်ကိုလည်း တွေ့ရှိရပါတယ်။ အချို့ ကျေးရွာများတွင် အသက်မွေးဝမ်းကျောင်းပြုသည့် ဥယျာဉ်ခြံမြေလုပ်ရန် မြေကိုပင် ချန်လှပ်မထားသဖြင့် အခက်အခဲများစွာ တွေ့ရကြောင်း ကျေးရွာလူထုရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ သစ်တောကြိုးဝိုင်း ကိုလည်း ထို့နည်းတူ ပြုလုပ်သည်ကို တွေ့ရှိရပါတယ်။ ၎င်းအပြင် NGO မှ နတ်မတောင် ကြိုးဝိုင်း အတွက် အသုံးပြုရန် အမေရိကန်ဒေါ်လာ နှစ်စဉ်ထောက်ပံ့သည်ဟု သိရှိရပါတယ်။ မည်သည့်နေရာတွင် မည်ကဲ့သို့ သုံးစွဲသည်ကို ပွင့်လင်းမြင်သာမှုရှိအောင် ထုတ်ပြန်ရှင်းလင်းရန်လည်း လိုအပ်ပါတယ်။ ဝန်ထမ်းများ ခန့်ထားရာတွင်လည်း မြို့နယ်ခံဝန်ထမ်းများကို ဦးစားပေးခန့်ထားရန် လိုအပ်ပါတယ်။

သို့ဖြစ်၍ မင်းတပ်မြို့နယ်ရှိ ကျေးရွာပြည်သူများမှ အသက်မွေးဝမ်းကျောင်း ဥယျာဉ်ခြံမြေများကို ချန်လှပ်ပြီး ကျေးရွာပြည်သူများကို ချပြကာ သက်ဆိုင်ရာအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီများနှင့် ပွင့်လင်းမြင်သာစွာ ညှိနှိုင်း ဆုံးဖြတ်ပြီး နတ်မတောင်ဧရိယာ ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဝန်ထမ်းများအား ခန့်ထားရာတွင် ပြည်သူများ သိရှိအောင် အလုပ်ကြော်ငြာခြင်း၊ လျှောက်လွှာခေါ်ယူခြင်း၊ ခန့်ထားခြင်းများကို ပွင့်လင်းမြင်သာစွာ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၀း၃၇။

ဥက္ကဋ္ဌ။　　။ မေးခွန်းများနှင့် ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၃၇။

ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန)။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ မဂ်လာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ ကြက်စာထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုသော ထုံးဓာတ်ပါဝင်သည့် ကျောက်ဆွေးများကို စစ်ကိုင်းမင်းဝံတောင်မှ တူးဖော်ထုတ်ယူသုံးစွဲသဖြင့် မင်းဝံတောင်ကြီး ပြိုကျ

ပျက်စီးသွားရမည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ နေရပြီဖြစ်သဖြင့် ကာကွယ်စောင့်ရှောက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါခင်ဗျား။ မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ယခင် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန၊ သစ်တောဌာနရဲ့ ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီရဲ့ အကျယ်အဝန်းကတော့ ဧကအားဖြင့် (၅၀၈၇၄)ဧက ဖြစ်ပြီးတော့ မင်းဝံတောင်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေနှင့် ယခု တင်ပြပါဘေးမဲ့တောအတွင်းမှာ ဓာတ်သတ္တုစမ်းသပ်ရှာဖွေတိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်များကို သတ္တဦးစီးဌာနနှင့်သစ်တောဦးစီးဌာနမှ လုံးဝထုတ်ပေးထားခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ တစ်နည်းအားဖြင့် ယခု လုပ်ကိုင်နေသော အလုပ်များသည် တရားမဝင်လုပ်ကိုင်နေသည်ဟုလည်း ပြောဆိုလို့ရပါတယ်။ သစ်တောဦးစီးဌာနအနေနှင့် မင်းဝံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိရာ ဘေးမဲ့တောအတွင်း တရားမဝင် ကျောက်၊ ဓာတ်သတ္တု တူးဖော်ခြင်းများကို ဥပဒေအရ ဖမ်းဆီးဆောင်ရွက်အရေးယူခြင်း၊ ဘေးမဲ့တောအနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအား တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဟောပြောခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခြင်း ဘေးမဲ့တောအတွင်း နယ်မြေအလိုက် စဉ်ဆက်မပြတ် ကင်းလှည့်စစ်ဆေးခြင်းနှင့် ကျောက်တူးဖော်မှုပြုနိုင်ရန် ဆိုင်းဘုတ်စိုက်ထူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ခုန ကျွန်တော် တင်ပြသလိုပါပဲ ဘေးမဲ့တောဧရိယာ (၅၀၈၇၄) ဧကအတွင်းမှာ စစ်ကိုင်းမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်ကျေးရွာများ ပါဝင်နေပါတယ်။ နှစ်ကာလကြာတာနှင့်အမျှ လူဦးရေတိုးပွားလာခြင်း စိုက်ပျိုးမြေနှင့် အခြားမြေအသုံးချခြင်းများ ရှိနိုင်မှုကြောင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီးတော့ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့ကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ မေလ ၂၉ ရက်နေ့အထိ ကွင်းဆင်းတိုင်းတာခဲ့ပါတယ်။ အဲဒီမှာ တွေ့ရှိရတဲ့ ကျွန်တော်တို့ မြေအသုံးချမှု ဇယားကို တင်ပြထားပါတယ်။ အားလုံး စုစုပေါင်း ဘေးမဲ့တောထဲမှာ (၃၆၈၂၃)ဧကကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့် ဘေးမဲ့တောဧရိယာဟာ (၅၀၀၀၀)ကျော်ရှိတဲ့အနက် ဒီမှာ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ပြီးတော့ ကျူးကျော်နေတာဟာ (၃၀၀၀၀)ကျော်ရှိတာကြောင့်မို့လို့ တစ်နည်းအားဖြင့် (၇၂)ရာခိုင်နှုန်းလောက်သာ ဘေးမဲ့တောကနေပြီးတော့ ဖဲ့ပြီးတော့ အသုံးပြုနေခြင်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင်တော့ ဧက (၁၁၀၀၀) (၁၃၀၀၀)လောက်ပဲ ဘေးမဲ့တောအဖြစ် ကျန်တာကို တွေ့ရပါတယ်။ ပြောင်းလဲလာတဲ့ မြေအသုံးချမှု မူဝါဒအရ အထက်ပါ မြေအသုံးချမှုအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ပြည်ထောင်စုအစိုးရအဖွဲ့ထံ မူဝါဒ တင်ပြခွင့်ပြုချက် ရယူပြီးမှ ကျန်ရှိတဲ့ဧရိယာနှင့် မင်းဝံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာကို ပြင်ဆင်သတ်မှတ်ခြင်းဖြင့် ဘေးမဲ့တော စီမံအုပ်ချုပ်မှု လုပ်ငန်းများကို ဥပဒေနှင့်အညီ

ထိရောက်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ မင်းဝံတောင်ရဲ့ အနောက်ဘက် ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အတိုင်းပါပဲ ကျွန်တော်တို့ ကြက်စာထုတ်လုပ်တဲ့ အကြီးစားစက်ရုံက (၃)ရုံ၊ အသေးစားစက်ရုံက (၄)ရုံ ကျွန်တော်တို့ ဘေးမဲ့တောတွေမှာ ပါပြီးနေပါပြီ။

ဒါတွေကိုလည်းပဲ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အခွန်အခကောက်ယူပြီးတော့ ခွင့်ပြုထားကြောင်းကို စိစစ်တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနှင့် ခွင့်ပြုမိန့်လိုင်စင်ထုတ်ပေးခြင်း၊ အခွန်ကောက်ခံခြင်းများကို ဆောင်ရွက်ခြင်းမရှိပါကြောင်းနှင့် အဆိုပါ စက်ရုံများဟာ ကိုယ်တိုင် ကျောက်တူးဖော်မှုမရှိဘဲနှင့် ဒေသခံကျေးရွာသားများမှ ခုနက ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ လာရောက်ရောင်းချတဲ့ ကျောက်များကိုတော့ ဝယ်ယူပြီးတော့ ကြိတ်ခွဲလျက်ရှိကြောင်းကိုလည်းပဲ သိရှိရပါတယ်။

ခုန ကျွန်တော် တင်ပြသလိုပါပဲ။ မင်းဝံတောင်ဘေးမဲ့တော ဧရိယာ (၅၀၈၇၄)ဧကအတွင်းမှာ အခြားမြေအသုံးချမှုများအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေနှင့် မြေယာနှင့် ပတ်သက်တဲ့ အထောက်အထားများ ထုတ်ပေးရာမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနရဲ့ စီမံပိုင်ခွင့်ရှိတဲ့ သဘာဝနယ်မြေအတွင်း ကျရောက်မှု ရှိ/မရှိ၊ သက်ဆိုင်တဲ့ဥပဒေ၊ နည်းဥပဒေများနှင့် အညီ စိစစ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ မင်းဝံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း တရားမဝင် ကျောက်တူးဖော်မှုများရှိခဲ့ပြီး ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ စက်ယန္တရားများ အသုံးပြုတူးဖော်မှုများကြောင့် တစ်နိုင်တစ်ပိုင် တူးဖော်သူများအပေါ်မှာ သစ်တောဦးစီးဌာနအနေနှင့်လည်း တရားစွဲဆိုခြင်း၊ လုပ်ငန်းသုံးပစ္စည်းများကို ဖမ်းဆီးခြင်း၊ ပညာပေးဟောပြောခြင်း၊ သတိပေးဆိုင်းဘုတ်များ စိုက်ထူအသိပေးခြင်း၊ တစ်ဖက်မှာလည်း ကုမ္ပဏီရဲ့ တရားမဝင်ဆောင်ရွက်မှုများအပေါ် ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို အရေးယူဆောင်ရွက်တဲ့နေရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ အခု ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဇန်နဝါရီလအထိ ဘေးမဲ့တောအတွင်း တရားမဝင်ကျောက်၊ ဓာတ်သတ္တုတူးဖော်ခြင်းများကို ထုတ်လုပ်မှုများ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားတာ ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ လက်ရှိမှာ တစ်နိုင်တစ်ပိုင် ကျောက်တူးဖော်မှု၊ ဆောင်ရွက်မှုအချို့သာ ရှိပါကြောင်းနှင့် ကြက်စာကျောက်စက်ရုံများမှ မင်းဝံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ကျူးကျော်ရွာများနှင့် ဆက်စပ်လျက်ရှိပြီးတော့ အခြားမြေအသုံးချမှုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ထံ ခွင့်ပြုချက်ရယူသွားရာမှာလည်းပဲ ပါဝင်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ သစ်တောဦးစီးဌာနအနေနှင့် အစဉ်တစ်စိုက် တားဆီးကာကွယ် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါကြောင်းနှင့် ပိုမိုထိရောက်စွာ တားဆီးကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပြန်လည်ပြင်ဆင်ဖွဲ့စည်း တည့်မတ်နိုင်ရေး၊ သတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီများတို့ရဲ့ လမ်းညွှန်မှု ဆက်စပ်ဌာနများနှင့် ဒေသခံပြည်သူများရဲ့

ပူးပေါင်းပါဝင်မှုတွေကိုရယူပြီးတော့ ကင်းလှည့်စစ်ဆေး ထိန်းသိမ်းခြင်း၊ ပညာပေး၊ သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ မင်းဝံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအနီးပတ်ဝန်းကျင် ကျေးရွာများသို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အသိပညာပေး ဟောပြောပွဲများ ဆက်လက်ကျင်းပ ပြုလုပ်လျက်ရှိခြင်း၊ တရားမဝင် ကျောက်တူးဖော်မှုများကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းကာကွယ်ရေး နည်းဥပဒေ၊ ဥပဒေများဖြင့် အရေးယူခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ လက်ရှိဖွဲ့စည်းထားတဲ့ ဧရိယာအတွင်းမှာရှိတဲ့ အခြားမြေအသုံးချမှုများအတွက် မလိုအပ်သော မြေအသုံးချမှုများ စနစ်တကျ ပြန်လည်စိစစ်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါက မင်းဝံတောင်အား ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဖြည့်စွက်ပြီးတော့ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အထဲမှာပါတဲ့ ကျွန်တော်တို့ ဒီမှာပါတဲ့ ထူးဆန်းတဲ့ ဓာတ်သတ္တုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ စူးစမ်းပြီးတော့ အဖြေ ကျွန်တော် ပေးပါမယ်။

ဆက်လက်ပြီးတော့ မေးခွန်းနံပါတ်(၂)က ချင်းပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ရဲ့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်တွင် နတ်မတောင်ဥယျာဉ်ဧရိယာသတ်မှတ်ရာ၌ ပွင့်လင်းမြင်သာမှုမရှိပါသဖြင့် ကျေးရွာပြည်သူများနှင့် သက်ဆိုင်ရာ အာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ သိရှိအောင်ချပြပြီး ပြန်လည် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး ချင်းပြည်နယ် အစိုးရနှင့် ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့် Power Point တင်ပြခွင့်ပြုပါ ခင်ဗျား။ အချိန်လည်း အနည်းငယ်ပို၍ ပေးပါ။ နိုင်ငံတစ်နိုင်ငံရဲ့ သဘာဝအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အဓိက မူဝါဒတစ်ရပ်အနေနှင့် သဘာဝထိန်းသိမ်းနယ်မြေများကို သတ်မှတ်ပြီး စီမံအုပ်ချုပ်လျက်ရှိပါတယ်။ ဒီနတ်မတောင်ကြိုးဝိုင်းဟာ ၁၉၃၆ ခုနှစ်ထဲက သစ်တောကြိုးဝိုင်း ဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်၊ အစောပိုင်းနှစ်များမှာ သစ်တောဦးစီးဌာနနဲ့ UNDP ပူးပေါင်းပြီးတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များစီမံကိန်းအရ တစ်နိုင်ငံလုံးမှာ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ရန် သင့်တော်တဲ့ နယ်မြေများကို ကျွန်တော်ကွင်းဆင်းပြီးတော့ ဖော်ထုတ်တဲ့နေရာမှာ နတ်မတောင်ဟာလည်းပဲ အမျိုးသားဥယျာဉ်အဖြစ် ပါဝင်ခဲ့ပါတယ်။

၁၉၉၇ ခုနှစ်မှာ အမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးတော့ သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ရန် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြေးတိုင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ သစ်တောဦးစီးဌာနရဲ့ ကြေးတိုင်နှင့် ပတ်သက်ပြီးတော့ နည်းနည်းလေး ကျွန်တော် ရှင်းပြချင်ပါတယ်။ ဒီ ကျွန်တော်တို့ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများ ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းက လုပ်ငန်းစဉ် နံပါတ်(၄)မှာ ကြိုးဝိုင်းတောများ သဘာဝ ခုနက ဥယျာဉ်လည်း ပါ ပါတယ်။ ဖွဲ့စည်းရန် ရည်ရွယ်ထားကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်ထားပြီးနောက် ရက်ပေါင်း(၃၀)အတွင်း သစ်တော ကြေးတိုင် အရာရှိသည် ကြိုးဝိုင်းဖွဲ့စည်းမည့် ဒေသ၏ တည်နေရာ၊ နယ်နိမိတ်များကို ဖော်ပြ၍ သက်ဆိုင်ရာ ဒေသတွင် နေထိုင်ကြသော အများပြည်သူတို့ သိရှိစေရန် ကြိုးဝိုင်းတော ဖွဲ့စည်းမည်ဖြစ်ကြောင်း

ကြိုတင်ကြေညာ ထုတ်ပြန်ရပါတယ်။ ကြေညာချက်တွင် သက်ဆိုင်သူများက တောင်းဆိုလိုသည့် အခွင့်အရေးများနှင့် တင်ပြလိုသည့် ဆိုင်ရာဆိုင်ခွင့်များကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း (၉၀) အတွင်း ကြေးတိုင်အရာရှိထံ စာဖြင့် တင်ပြဖော်ပြရမည်လို့ အတိအကျ ဖော်ပြထားပါတယ်။

အဲဒါကြောင့်မို့လို့ ကြေးတိုင်လုပ်ငန်းများကို ဒေသခံပြည်သူများရဲ့ ဆိုင်ရာ ဆိုင်ခွင့်များ၊ မိရိုးဖလာ အသုံးပြုမှုများ၊ ကျေးရွာမြေ၊ အများပိုင်မြေတို့ကို စနစ်တကျ မှတ်တမ်းတင်ပြီးမှ ဒေသခံများက လက်ခံသဘောတူတဲ့ နယ်နိမိတ်များကို သတ်မှတ်ရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကြေးတိုင်လုပ်ငန်းများကို ဆောင်ရွက်ပြီးတဲ့နောက် ၂၀၁၀ ပြည့်နှစ်မှာတော့ ဤဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၁၀)နှင့် ဧရိယာ (၁၇၆၃၀၀)ဧကကို နတ်မတောင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ အမိန့်ကြော်ငြာစာမှာလည်းပဲ ဆိုင်ရာ ဆိုင်ခွင့်များကို ကျွန်တော် Power Point နဲ့ တင်ပြထားပါတယ်။

ဒီနေရာမှာ ဖြည့်စွက်ပြောချင်တာက ကျွန်တော်တို့ ရည်ရွယ်ထားတာက ၁၉၉၀ ပြည့်နှစ်ထဲက ကျွန်တော်တို့ ကြေညာပြီးဖြစ်ပါတယ်။ တကယ်တမ်း ကျွန်တော်တို့ ဖွဲ့ဖြစ်တာက ၂၀၁၀ ဖြစ်ပါတယ်။ (၁၃)နှစ်ကြာပါတယ်။ (၁၃)နှစ်အတွင်းမှာ ဒီကြားထဲမှာ ကျွန်တော်တို့ ဒါနှင့်ပတ်သက်ပြီးတော့ ခုနက ဆိုင်ရာဆိုင်ခွင့်နှင့် ပတ်သက်ပြီးတော့ တင်ပြတောင်းခံခြင်း လုံး၀ လုံး၀ မရှိပါဘူး။ ဒါဟာလည်းပဲ ကျွန်တော် သိသာအောင် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော့် Power Point မှာ တင်ပြထားတဲ့အတိုင်း ရွာပေါင်းရဲ့ ရွာမှာရှိတဲ့လူတွေရဲ့ အကုန်လုံး သူတို့ရဲ့ ကျေးရွာတွေမှာရှိတဲ့ ယာမြေ၊ လယ်မြေ၊ ကျေးရွာမြေတွေ အကုန်လုံးကို စည်းကမ်းတကျ အကုန်လုံးကို မှတ်တမ်းတင်ပြီးတော့ ကျွန်တော်တို့ ကြေညာခဲ့ပါတယ်။ အဲဒီအပြင် နတ်မတောင် အမျိုးသားဥယျာဉ်ကို ၂၀၁၂ ခုနှစ်မှာ အာဆီယံ အမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်ခံခဲ့ရပြီး၊ ၂၀၁၃ ခုနှစ်မှာတော့ မြန်မာနိုင်ငံမှ (UNESCO) သို့ တင်သွင်းတဲ့ ကမ္ဘာ့ သဘာ၀အမွေအနှစ် လျှာထားစာရင်း(၇)နေရာမှာ ထည့်သွင်းခြင်း ခံခဲ့ရပါတယ်။

ဝန်ကြီးဌာနအနေနှင့် နိုင်ငံရဲ့ ဂေဟစနစ်တည်ငြိမ်မှုနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရန်နှင့် နိုင်ငံတကာသို့ ထားရှိတဲ့ ကတိကဝတ်များ ဖြည့်ဆည်းရန် ရည်ရွယ်ပြီးတော့ ရည်ရွယ်ချက်များနှင့် သဘာ၀ထိန်းသိမ်းရေးနယ်မြေများကို သတ်မှတ်လျက်ရှိတဲ့နေရာမှာ အဓိက ရည်ရွယ်ချက်တစ်ခုကတော့ သက်ဆိုင်ရာဒေသမှာရှိတဲ့ ဒေသခံပြည်သူများ အကျိုးအတွက် ဂေဟစနစ်နှင့် ဇီ၀မျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းဖြစ်ပါတယ်။ ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ။ ဒေသခံများရဲ့ လိုအပ်ချက်အရ အမျိုးသားနယ်မြေဥယျာဉ် (၉၈)ဧကကို ကျေးရွာ(၄)ရွာ အတွက် ကျွန်တော်တို့ ပယ်ဖျက်ပေးခဲ့ပါတယ်။ အဲဒီ ပယ်ဖျက်ပေးတဲ့ဟာကိုလည်း ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ အားလုံး (၉၈)ဧက ရှိပါတယ်ခင်ဗျား။

သတ်မှတ်ပြီးတဲ့ သဘာ၀ထိန်းသိမ်းရေးနယ်မြေများမှာ ကျူးကျော်ဝင်ရောက်မှုမရှိရေး၊ အခြားမြေ အသုံးချမှု မဖြစ်ပေါ်စေရေး၊ ဒေသခံများ၊ ဌာနအဖွဲ့အစည်းများမှာ သဘာ၀ထိန်းသိမ်းရေး နယ်မြေများ ကိုသိရှိရန် နယ်နိမိတ် ဘုတ်တိုင်၊ ဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်ပြားများ စိုက်ထူခြင်းကို ဆောင်ရွက်ရ ပါတယ်။ သို့ဖြစ်ပါ၍ နယ်နိမိတ် ဘုတ်တိုင်များ စိုက်ထူခြင်းဟာ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းတစ်ရပ် အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာမှာ မူလအမိန့်ကြော်ငြာစာပါ နယ်နိမိတ်

လားရာအတိုင်း သက်ဆိုင်ရာ ပတ်ဝန်းကျင်ကျေးရွာမှ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံများ ပူးပေါင်းပါဝင်မှုနှင့် ပြုလုပ်ခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

နတ်မတောင် အမျိုးသားဥယျာဉ်နှင့်ပတ်သက်ပြီးတော့ မည်သည့်နိုင်ငံတကာ အဖွဲ့အစည်းကမှ နှစ်စဉ်ထောက်ပံ့မှုကို မရရှိခဲ့ပါဘူး။ သစ်တောဦးစီးဌာနဟာ မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံအဆင့် ပဋ္ဌမအကြိမ်မြောက် အစီရင်ခံစာကို CBD ကို တင်သွင်းခြင်းနှင့် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် အတိုအားဖြင့် (NBSAP) ခေါ်ပါတယ်။ ပြင်ဆင် ထိန်းသိမ်းခြင်းစီမံကိန်းကို ကျွန်တော်တို့ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ (UNDP) ကနေ ကျွန်တော်တို့ကို အမေရိကန်ဒေါ်လာ (၉၀၀၀) ထောက်ပံ့ခဲ့ပါတယ်။

အဲဒါကိုလည်းပဲ ကျွန်တော်တို့ CHM Website မှာလည်းပဲ ကျွန်တော်တို့ ပါ ပါတယ်။ မြန်မာဘာသာ Webpage လုပ်ပြီး ကြေညာထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အမေရိကန်ဒေါ်လာ အဲဒီလို Website လုပ်ခြင်းအားဖြင့် (၈၁၆)ဒေါ်လာကို သုံးပြီးတော့ ကျန်တဲ့ (၈၁၈၄)ဒေါ်လာကိုတော့ နတ်မတောင် အမျိုးသားဥယျာဉ်နှင့် ပတ်ဝန်းကျင်မှာ ကျက်စားနေတဲ့ အလွန်ရှားပါးပြီး ကမ္ဘာမှာ ဘယ်မှာမှ မတွေ့နိုင်တဲ့ တစ်နေရာထဲမှာရှိတဲ့ ကျွန်တော်တို့ ဒေသရင်းငှက်မျိုးစိတ် မျက်ခုံးဖြူ ငှက်ပြာခြောက်ဟာ ဒီဒေသခံပြည်သူများ ပူးပေါင်းမှုနှင့် ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့အတွက် ဒေသခံပြည်သူများကို သင်တန်းပေးခြင်း၊ မျက်ခုံးဖြူငှက်ပြာခြောက်ဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းများကိုလည်းပဲ ငှက်ကြည့်စခန်းများကို တည်ဆောက်ခဲ့ပါတယ်။ အဲဒီအတွက် သုံးစွဲမယ့်ငွေကိုလည်းပဲ Power Point မှာ တင်ပြထားပါတယ်ခင်ဗျား။

သစ်တောဦးစီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်ရေးရာ အေဂျင်စီ(NEA)တို့ ပူးပေါင်းပြီးတော့ သဘာဝနယ်မြေများ အုပ်ချုပ်မှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုမြှင့်တင်ခြင်းစီမံကိန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အလိုက် စီမံချက်မှာတော့ နတ်မတောင် အမျိုးသားဥယျာဉ်ပညာပေးပြခန်း ဆောက်လုပ်ဖို့အတွက် အမေရိကန်ဒေါ်လာ (၃၀၀၀၀)လျှာထားပြီးတော့ ဆောက်လုပ်ခြင်းကိုတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရန် တင်ဒါခေါ်ယူခြင်းများဆောင်ရွက်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်၊ မတ်လကုန်မှာ ပြီးစီးနိုင်မယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ အလျှားအားဖြင့် (၅၄)ပေ၊ အနံအားဖြင့် (၂၈.၆)ပေ၊ အမြင့် (၁၆)ပေရှိတဲ့ ပြခန်းရဲ့ ဓာတ်ပုံမှတ်တမ်းများကို ကျွန်တော် ဒီမှာ တင်ပြထားပါတယ်ခင်ဗျား။

ဝန်ထမ်းခန့်ထားရေးနှင့်ပတ်သက်ပြီး ကျွန်တော် ဆက်လက် တင်ပြလိုပါတယ်။ အမျိုးသားဥယျာဉ်မှာ ဝန်ထမ်း(၂၃)ဦးရှိပါတယ်။ အခြားဒေသက (၅)ဦး၊ ဒေသခံက (၁၈)ဦးရှိပါတယ်။ ဒါပေမဲ့ ဝန်ထမ်းတိုးချဲ့ခန့်မယ့်နေရာမှာ သတ်မှတ်တဲ့ ပညာအရည်အချင်းနှင့်ကိုက်ညီတဲ့ ဒေသခံများကိုတော့ ဦးစားပေးပြီးတော့ ခန့်ထားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

နတ်မတောင်အမျိုးသားဥယျာဉ်ကို သတ်မှတ်ရာမှာ ဘိုးဘွားပိုင်မြေများ၊ စားကျက်မြေများကို မတရားသိမ်းယူသတ်မှတ်ခဲ့ခြင်းမဟုတ်ပါကြောင်းနှင့် ဒေသခံပြည်သူများ လုပ်ကိုင်စားသောက်တဲ့ မြေများ၊ ကျေးရွာအများပိုင်မြေများကို စိစစ်ချန်လှပ်ပြီးမှ ဒေသခံများကသဘောတူတဲ့ သူ့နယ်နိမိတ်နှင့် အမျိုးသားဥယျာဉ်ကို အရေးကြီးတဲ့ ရေဝေရေလဲဒေသကို ကာကွယ်ရန်၊ ပတ်ဝန်းကျင်ကျေးရွာများမှာ

ရှိတဲ့ ဒေသခံများအတွက် တောတောင်ရေမြေတည်တံ့စေရန်နှင့် ကမ္ဘာပေါ်မှာ အလွန်ရှားပါးပြီး နတ်မတောင် တစ်နေရာတည်းမှာတွေ့ရတဲ့ မျက်ခုံးဖြူငှက်ပြာခြောက်ကို ထိန်းသိမ်းကာကွယ်ရန် သတ်မှတ်ခြင်းဖြစ်ပါတယ်။

အမျိုးသားဥယျာဉ်ဧရိယာမှ ဒေသခံများလိုအပ်ချက်အရ အမျိုးသားဥယျာဉ် မြေ(၉၈)ဧကကို ကျေးရွာ(၄)ရွာအတွက် ပယ်ဖျက်ပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်း အရ အမျိုးသားဥယျာဉ်ကို ပြန်လည်ပြီး ဖွဲ့စည်းရမှာဖြစ်ပါတယ်။ အဲဒီလို ပြန်လည်ဖွဲ့စည်းရာမှာ နောင်လာမယ့် မျိုးဆက်သစ်များအတွက် သဘာဝအမွေအနှစ်ကောင်းများ လက်ဆင့်ကမ်းပေးနိုင်မယ့် အမျိုးသားဥယျာဉ်အဖြစ် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး အပါအဝင် ဒေသခံပြည်သူများမှ ပူးပေါင်းပါဝင်ပေးရန်ကိုလည်းပဲ တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးလိုက်။ လိုရင်းမေး။

ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ။ ကျွန်တော် မင်းတပ်မြို့နယ် ဟီးလောင်းကျေးရွာမှာ ကွင်းဆင်းသွားတဲ့အခါမှာ ရွာထိပ်မှာ မှတ်တိုင်ကို ကျွန်တော်တို့ကို ပြပါတယ်။ ပြပြီးတော့မှ ဒီမှာသူတို့လာစိုက်တယ်။ ဒီ ဥယျာဉ်ခြံမြေလုပ်မယ့် နေရာလည်းမရှိဘူးဆိုပြီး တင်ပြကြတယ်။ နောက်တစ်ခါ တခြားအုပ်စုမှာလည်း သစ်တောကြိုးဝိုင်းကို ပြပြီးတော့မှ တောင်ယာခုတ်မယ့်နေရာတွေ မရှိတော့ဘူးဆိုပြီးတော့မှ တင်ပြကြလို့ အဲ့ဒီမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ဆိုတော့ နားလည်လား။ နားလည်ရင် ဖြေလေ။ ကျွန်တော်ကတော့ ဘာမှတောင် မသိဘူးရယ် ဆိုတော့ရယ်။

ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)။ ။ ကျွန်တော် နားလည်သလို ပြန်ပြီးဖြေပါ့မယ် ခင်ဗျား။ အဲဒီလို သတ်မှတ်ပေးတာတွေကို ခုနက တောင်ယာခုတ်တဲ့ဟာပေါ့နော်။ အဲဒါတွေကို ကျွန်တော်တို့ အဲဒီမှာ နတ်မတောင်မှာ ရှိတဲ့ ဝန်ထမ်းများကို ကျွန်တော် အကြောင်းကြားပါမယ်။ အဲဒီဟာဖြင့် ဒါဟာ ကြိုးဝိုင်းထဲမှာ ကျနေသလား။ ဒါမှမဟုတ် ပယ်ဖျက်ပြီးသားနေရာလား။ ကျွန်တော် ပြန်မေးမြန်းချင်တယ်။ သို့သော်လည်း ကိုယ်စားလှယ်တော်ကြီး ကျွန်တော့်ကို ပြီးလို့ရှိရင်တော့ ကျေးဇူးပြုပြီးတော့ နှစ်ယောက်သား ဒီနေရာလေးကို Play Point မှာ ပြောပြရင်တော့ ကျွန်တော် အတိအကျ ပြောနိုင်ပါတယ်။

အချိန်၊ ၁၁း၀၀။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၃၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

အချိန်၊ ၁၁း၃၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

အချိန်၊ ၁၁း၃၃။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက် ၆-၇-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည် ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးဝင်းမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၃၃။

ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ရပ်လုံး၏ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းမှာ အပိုဒ်(၂၇)၊ အပိုဒ်(၆၁)၊ အပိုဒ်(၆၃)တို့တွင် သဘောထားကွာနေခြင်းအတွက် အဆိုပြုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၄၃)၊ အခန်း(၅) အပိုဒ်(၂၇)မှာ အဆိုပြုချက်အနေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်း မှတ်ပုံတင် အရာရှိများသည် မိမိလက်အောက်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးသည့် မည်သည့် စာချုပ်စာတမ်းများကိုမဆို စစ်ဆေးရန်လိုအပ်ပါက ခရိုင်စာချုပ်စာတမ်းမှတ်ပုံတင် စစ်ဆေးရေးမှူးအား တာဝန်ပေးအပ်၍ စစ်ဆေးနိုင်ခွင့် သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခွင့်ရှိသည် ဆိုတဲ့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ဒီအတည်ပြုချက်မှ ကျွန်တော်တို့ ခရိုင် စာချုပ်စာတမ်းမှတ်ပုံတင် စစ်ဆေးရေးမှူးနေရာမှာ စုံစမ်းစစ်ဆေးရေးမှူးဆိုပြီးပဲ အပိုဒ်ပြင်ဆင်ထားပါတယ်။

ကျွန်တော့်အနေနဲ့ အပိုဒ်(၂၇)၊ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပေးရန် အဆိုပြုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနှင့် စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးအား တာဝန်ပေးသကဲ့သို့ ဥပဒေမှာပေါ်နေပြီဖြစ်ပါတယ်။ ဌာနဆိုင်ရာ DE, PE ကိစ္စရပ်များတွင်သာ သီးခြားစုံစမ်းစစ်ဆေးရေးဖွဲ့တဲ့အခါမှာ ယင်းစကားကို သုံး၍ဖြစ်ပါတယ်။

နောက် အမှတ်စဉ်(၁၀၆)၊ အခန်း(၁၂)၊ အပိုဒ်(၆၁) ပြည်သူ့လွှတ်တော်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက် မိတ္တူ အယူခံလျှောက်ထားချက်ကို သတ်မှတ်ရက်အတွင်း လက်ခံရရှိလျှင် ဥပဒေနှင့်အညီ စိစစ်စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်နိုင်သည်။ ဒီနေရာမှာ ကျွန်တော်တို့ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ ဆိုတာ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းထားပြီး၊ အတည်ပြုထားပြီး အမျိုးသားလွှတ်တော်ကတော့ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ တို့ပါဆိုတဲ့ "တို့ပါ" ဆိုတာမျိုး ဖြစ်နေပါတယ်။ ကျွန်တော့်အနေနှင့် အမျိုးသားလွှတ်တော်ရဲ့ ပုဒ်မ ၇၊ ပုဒ်မ ၈ တို့ပါ ဆိုသည့် စကားရပ်အစား ပြည်သူ့လွှတ်တော်၏ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ဆိုသည့် စကားရပ်ကို အတည်ပြုနိုင်ပါရန် အဆိုပြုပါတယ်။

ကျိုးကြောင်းဖော်ပြချက်အနေနှင့် ပုဒ်မ ၇ မှာ ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးသူ၊ ပုဒ်မ ၈ မှာ ဒုတိယဦးစီးမှူးအဆင့်အောက် မနိမ့်သော မြို့နယ်လယ်ယာမြေ စာရင်းအင်းဦးစီးဌာနမှူးဖြစ်ပြီး သို့မဟုတ် ခန့်ထားသောကြောင့် တစ်ဦးစီ သတ်မှတ်မှုကို ပေါ်လွင်စေရန်ဖြစ်ပါတယ်။

နောက် အမှတ်စဉ်(၁၀၈)၊ အခန်း(၁၂) အပိုဒ်(၆၃)၊ ဒီနေရာမှာလည်း ဒီ(၆၃)မှာလည်း ပြည်သူ့လွှတ်တော်က ဒီခုနလေးတုန်းကလိုပါပဲ။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါနှင့် အမျိုးသားလွှတ်တော်က ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ တို့ပါ ဆိုတဲ့နေရာမှာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုပေးပါရန် အဆိုပြုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနှင့် အထက်အပိုဒ်(၆၁)မှာ ဖော်ပြခဲ့သည့်အတိုင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌ။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ ဆွေးနွေးချက်နှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း

အချိန်၊ ၁၁း၃၈။

ဥက္ကဋ္ဌ။　　။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၃၉။

ဦးခင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း ဖြစ်ပါတယ်။ အဆိုရှင်ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ သယံဇာတများကို ရေရှည်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန်နှင့် သားစဉ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ရန် စနစ်တကျ မူဝါဒများရေးဆွဲပြီး အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ စနစ်တကျ အကောင်အထည်ဖော် မဆောင်ရွက်နိုင်ပါက သယံဇာတများဟာ နိုင်ငံတော်အတွက် အကျိုးမရှိဘဲ ဆုံးရှုံးပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ နောင်လာနောက်သားများအတွက် သယံဇာတအမွေအနှစ်ဆိုပြီး ထားရစ်ခဲ့နိုင်တော့မည် မဟုတ်ပါ။ ဥပမာ ကချင်ပြည်နယ်၊ ဖားကန့်၊ လုံးခင်းဒေသ ကျောက်စိမ်းတူးဖော် ထုတ်လုပ်မှုနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးသွားပါမယ်။

ယခုအခါမှာ ဖားကန့်ဒေသမှာ ကျောက်စိမ်းတူးဖော်ထုတ်လုပ်မှုဟာ စနစ်တကျ အစီအမံများဖြင့် တူးဖော်ထုတ်လုပ်မှုအားနည်းခြင်း၊ ကြီးကြပ်စောင့်ထိန်းမှုအားနည်းခြင်းတို့ကြောင့် နိုင်ငံတော်၏ အဖိုးတန်ရတနာများ ဆုံးရှုံးရခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းများ ဖြစ်ပေါ်နေရပါတယ်။ အလွန်အကျွံတူးဖော်မှုကြောင့်လည်း ဒေသတွင်းမှာရှိတဲ့ တောင်အလုံး(၅၀)တို့နှင့် ချောင်းများ၊ ချောက်များလည်း ပျောက်ကွယ်ခဲ့ရပါတယ်။ ဒေသခံပြည်သူများမှာလည်း ရေကြီးရေလျှံခြင်း၊ စွန့်ပစ်မြေစာပုံ ပြိုကျခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့နေကြရပါတယ်။ ဒေသခံများ၏ သုံးသပ်ချက်အရ ၂၀၁၄ ခုနှစ်နောက်ပိုင်းမှစပြီး စက်ယန္တရားအင်အားဟာ ဆယ်ဆကျော်၊ ယာဉ်ယန္တရားအရေအတွက်မှာလည်း သုံးဆကျော် များပြားလာကြောင်း သိရပါတယ်။

ယခုအခါမှတော့ ထို့ထက်ပင် အလွန်အမင်း များပြားနေပြီဖြစ်ပါတယ်။ အမှန်တကယ် ကျောက်ထုတ်လုပ်နိုင်သည့် ရတနာမြေမှာလည်း (၃၀)ရာခိုင်နှုန်းခန့်သာ ကျန်တော့ကြောင်း သိရပါတယ်။ ထိုယန္တရားအင်အားနှင့် ဆက်လက်တူးဖော်ပါက မကြာမီ နှစ်အနည်းငယ်အတွင်းမှာ ဖားကန့်ရတနာနယ်မြေ ပျောက်ဆုံးပျောက်ကွယ်သွားတော့မှာ ဖြစ်ပါတယ်။ နောင်လာနောက်သား မျိုးဆက်များပင် ရတနာမြေကို မြင်တွေ့ဖူးတော့မည် မဟုတ်ပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ အဖိုးတန်ကျောက်စိမ်းရတနာများကို လမ်းခင်းကျောက်ထုတ်သလို နှစ်တိုအတွင်း ကုန်အောင်ထုတ်နေခြင်း၊ ပြည်ပသို့ တရားမဝင် ရောင်းဝယ်ဖောက်ကားနေခြင်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အကျိုးခံစားခွင့် မရှိသလောက် ဖြစ်နေပါတယ်။ Global Witness အဖွဲ့၏ ခန့်မှန်းချက်အရ ၂၀၁၄ ခုနှစ် တစ်နှစ်ထဲမှာပင် တရားမဝင် ကျောက်စိမ်းထုတ်လုပ်မှု တန်ဖိုးဟာ အမေရိကန်ဒေါ်လာ (၃၁)ဘီလီယံခန့်ရှိနိုင်ကြောင်းနှင့် ထိုပမာဏဟာ ထုတ်ကုန်တန်ဖိုး GDP ရဲ့ (၄၈)ရာခိုင်နှုန်းနှင့်ညီမျှကြောင်းကို သိရပါတယ်။

သို့ပါ၍ နိုင်ငံတော်၏ရတနာအမွေအနှစ်များအဖြစ် ထိန်းသိမ်းရန်နှင့် သားစဉ်မြေးဆက် ရေရှည်တူးဖော်ထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံတော်မှတစ်ပါး မည်သည့်ကုမ္ပဏီ၊ မည်သည့် အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်ကိုမျှ တူးဖော်ခွင့်မပြုဘဲ ရတနာနယ်မြေ အချို့အား နိုင်ငံတော်၏ အထူးရတနာနယ်မြေအဖြစ် သတ်မှတ်၍ ထိန်းကျောင်းသွားရန်၊ ထိန်းသိမ်းသွားရန် အကြံပြုဆွေးနွေးအပ်ပါတယ်။ အချို့သော နိုင်ငံများမှာ သယံဇာတများကို နိုင်ငံတော်ရဲ့ အမွေအနှစ်များအဖြစ် ထိန်းသိမ်းထားတဲ့ သာဓကများလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သတ္တုထုတ်လုပ်ရေးကဏ္ဍကိုလည်း အနည်းငယ်ဆွေးနွေးလိုပါတယ်။ ယခုအချိန်ထိ သတ္တုဥပဒေထွက်ရှိပြီးသော်လည်း နည်းဥပဒေထွက်ရှိနိုင်ခြင်း မရှိသေးပါ။ ဒေသခံ လက်လုပ်လက်စားများဟာ အသေးစားလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် နည်းဥပဒေမထွက်ရှိသေး၍ အခက်အခဲများ ကြုံတွေ့နေရပါတယ်။ လက်လုပ်လက်စားများ၏ စားဝတ်နေရေးပင် အခက်အခဲကြုံတွေ့နေကြပြီဖြစ်ပါတယ်။ သတ္တုနည်းဥပဒေ အမြန်ဆုံး ထွက်ရှိနိုင်ရေးအတွက် အကြံပြုတိုက်တွန်းအပ်ပါတယ်။

လက်ရှိအခြေအနေမှာတော့ အမိန့်တွေ၊ ညွှန်ကြားချက်တွေနှင့် ခရီးဆက်နေရပါတယ်။ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ စီမံအုပ်ချုပ်ခြင်းနှင့် ဘဏ္ဍာငွေ စီမံခန့်ခွဲခြင်း၊ လိုင်စင်များခွဲဝေချထားခြင်း၊ လိုင်စင်များ မှတ်ပုံတင်ခြင်း၊ ကန်ထရိုက်စာချုပ်များချုပ်ဆိုခြင်း၊ အကျိုးခံစားခွင့် ခွဲဝေသတ်မှတ်ခြင်းတို့ကို ဝန်ကြီးဌာနရဲ့ အမိန့်ညွှန်ကြားချက်များအရသာ ဆောင်ရွက်နေကြရပါတယ်။ လိုင်စင်သက်တမ်းတိုးခြင်း၊ ရပ်ဆိုင်းခြင်းကိုလည်း ဆောင်ရွက်နေရပါတယ်။ အသေးစားရွှေထုတ်လုပ်မှုဆိုရင် ယခင်က တစ်လ နှစ်ကျပ်သားကနေ ယခုအခါမှာ အခြေအနေအရ လေးကျပ်သား၊ ငါးကျပ်သား သွင်းခိုင်းပြီး ဆက်လက်တူးဖော်ထုတ်လုပ်ခွင့် ပြုနေတာကိုလည်း တွေ့ရပါတယ်။ ဝန်ကြီးဌာနများက ထုတ်ပြန်တဲ့ အမိန့်ညွှန်ကြားချက်များဟာ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ မူလဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိဖို့ လိုအပ်သလို ဥပဒေကို ကျော်လွန်ပြီး မလုပ်မိဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် ဥပဒေပြုရေး လွှတ်တော်တွေက ဒီထုတ်ပြန်တဲ့ အမိန့်ညွှန်ကြားချက်များကို စောင့်ကြည့်လေ့လာပြုပြင်ပေးသွားကြရန် အထူးအကြံပြုဆွေးနွေးအပ်ပါတယ်။

သတ္တုထုတ်လုပ်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာမှာလည်း ပွင့်လင်းမြင်သာမှုရှိဖို့နှင့် ဒေသခံက ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခွင့်ရဖို့လည်း အကြံပြုတိုက်တွန်းအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ကျောက်စိမ်းနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးဒေသများမှာ တရားဥပဒေစိုးမိုးရေးအားကောင်းလာစေဖို့အတွက် ပါဝင်ပတ်သက်

နေကြသော အဖွဲ့အစည်းများအားလုံး အထူးအလေးထား ဆောင်ရွက်ကြဖို့ အကြံပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

အချိန်၊ ၁၁းဂ၆။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁းဂ၆။

ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အဆိုရှင် ဦးဖေချစ် တင်ပြခဲ့တဲ့ တိုင်းပြည်ရဲ့သယံဇာတများဆိုရာမှာ သဘာဝသစ်တောများ၊ တွင်းထွက်ရတနာနှင့် ရေနံသဘာဝဓာတ်ငွေ့ စတာတွေအပြင် ရေသယံဇာတများလည်း ပါဝင်နေတာမို့ ကျယ်ပြန့်တယ်လို့ ဆိုပေမယ့်လည်း အချိန်မီ အရေးတကြီးပြုပြင်ရမယ့် အကြောင်းအရာတွေ ရှိနေလို့ ကျွန်တော့်အနေနှင့် အပြည့်အဝ ထောက်ခံဆွေးနွေးလိုပါတယ်။

Power point အသုံးပြုဖို့ တောင်းခံအပ်ပါတယ်။ သယံဇာတအမျိုးမျိုး၊ ဆုံးရှုံးမှုအမျိုးမျိုး ရှိတဲ့အနက် နယ်မြေမအေးချမ်းမှုကြောင့် မစီမံမခန့်ခွဲနိုင်လို့ ဆုံးရှုံးတာ၊ စီမံခန့်ခွဲမှု အားနည်းလို့ ဆုံးရှုံးတာ၊ စီမံနိုင်ပါလျက်နှင့် ကိုယ်ညံ့ဖျင်းမှုကြောင့် လျစ်လျူရှုပြီး ဆုံးရှုံးတာ စသဖြင့် နေ့စဉ်နှင့်အမျှ တိုင်းပြည်ရဲ့ သယံဇာတများ အဟောသိကံ ဖြစ်နေတာတွေဟာ စာရင်းပြုစုလို့တောင် ရနိုင်မယ်မထင်ပါဘူး။ ရေနံဓာတ်ငွေ့နှင့် သတ္တုတွင်းထွက် ရေသယံဇာတများကို ပိုင်ပိုင်နိုင်နိုင် စီမံခန့်ခွဲဖို့ဆိုတာ မလွယ်ကူပေမယ့် ဖြေရှင်းဖို့ ကြိုးစားသင့်တဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။ တကယ်လို့သာ သယံဇာတများကို တော်တည့်မှန်ကန်စွာ စီမံခန့်ခွဲနိုင်ရင် တိုင်းပြည်ရဲ့ဘဏ္ဍာတွေ တိုးလာနိုင်တဲ့အပြင် ချမ်းသာတဲ့နိုင်ငံရော၊ ဆင်းရဲတဲ့နိုင်ငံမှာပါ သယံဇာတနှင့်ပတ်သက်လို့ တလွဲစီမံမှုကြောင့် အကျင့်ပျက်ခြစားခြင်းစတဲ့ရောဂါ အကျင့်ဆိုးတွေ အမြစ်ပြတ်ဖို့မဖြစ်နိုင်သေးပေမယ့် နိုင်ငံသားများနှင့် သတင်းမီဒီယာတွေ၊ ဥပဒေပြု ကိုယ်စားလှယ်တွေ၊ လူမှုအဖွဲ့အစည်းတွေ၊ နိုင်ငံရေးသမားများ၊ ကုမ္ပဏီရင်းနှီးမြှုပ်နှံသူများအပြင် ပညာရှင်များရဲ့ ပူးပေါင်းကြိုးပမ်းအားထုတ်မှုတွေ စဉ်ဆက်မပြတ် ဖြစ်နေရင်တော့ ဆုံးရှုံးမှုတွေက လျော့ပါးသွားအောင် ကြိုတင်ကြိုးစား ဆောင်ရွက်နိုင်ပါတယ်။

တန်ဖိုးအနမတဂ္ဂထိုက်တန်တဲ့ သယံဇာတအမျိုးမျိုး ပိုင်ဆိုင်ခွင့်ရနေပေမယ့်လည်း တန်ဖိုးရှိမှန်း အမှန်မသိတဲ့အတွက် တစ်သိန်းတန်ရွှေခွက်ကို ပဲဝက်နှင့်လဲသလို သယံဇာတတွေကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အသုံးပြုရမယ့်အစား ပဋ္ဌိပက္ခတွေအတွက်ပဲ အချိန်ကုန်၊ ငွေကုန်ဖြုန်းတီးနေကြခြင်းဟာ နောက်မျိုးဆက်တွေအတွက် မိုက်မဲတဲ့ဆုံးဖြတ်ချက်နှင့် အမွေဆိုးကို လက်ဆင့်ကမ်းနေသလိုပါပဲ။ ကမ္ဘာဦးကတည်းက တည်ရှိခဲ့တဲ့ သယံဇာတတွေကို ထုတ်ယူသုံးစွဲပြီးရင် ဘယ်တော့မှ အစားပြန်မလာနိုင်တာမို့ အကျိုးအမြတ်တကယ်ဖြစ်အောင် စီမံဖို့ အလွန်အရေးကြီးလှပါတယ်။

ဒီနေရာမှာ အစဉ်အဆက် တာဝန်ရှိသူတွေရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းလွန်းတာကြောင့်လို့ Natural Resources Governance Institute (NRGI) က အသေအချာထောက်ပြထားတာကို အထူးသတိပြု

သင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒေါ်လာထရီလီယံတွေနှင့်ချီတဲ့ သယံဇာတတွေ ဘယ်လောက်ပဲ ထုတ်လုပ်ထုတ်လုပ် နိုင်ငံဆင်းရဲမွဲတေမှုနှင့် လားလားမှ မဆိုင်သလိုဖြစ်နေတာဟာ ဝမ်းနည်းစရာပါပဲ။ အဲဒီအခြေအနေဆိုးတွေကို ပြောင်းလဲပစ်ဖို့ စီမံခန့်ခွဲတဲ့မူဝါဒတွေ ပြောင်းလဲသင့်တယ်လို့ NRGI က အကြံပြုထားပါတယ်။ နိုင်ငံသားများနှင့် ရပ်ရွာပတ်ဝန်းကျင်တို့ကို သက်ရောက်မှုရှိစေမယ့် ဆုံးဖြတ်ချက်တွေ ချရာမှာရှိတဲ့ အစိုးရတာဝန်ရှိသူတွေနှင့် ၎င်းတို့ ဆောင်ရွက်သမျှလုပ်ငန်းတွေကို လမ်းညွှန်မှုပေးနေတဲ့ ယန္တရားဌာနစုများ၊ လုပ်ငန်းရှင်တွေပါဝင်တဲ့ အစုအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်များ၊ ဥပဒေသများကို ပြန်လည်သုံးသပ်ပြောင်းလဲပြင်ဆင်သင့်ပါတယ်။

သယံဇာတကိုင်တွယ်မှု ပြုပြင်လို့ တိုးတက်တဲ့နိုင်ငံတိုင်းဟာ နိုင်ငံသားများရဲ့ အခွင့်အရေးကို ပိုမိုကာကွယ်နိုင်တဲ့အပြင် လာဘ်စားမှုများလည်း လျော့ကျပြီး တိုင်းပြည်ကိုလည်း ဖွံ့ဖြိုးတိုးတက်စေတာ တွေ့ရပါတယ်။ ဒေါ်လာဘီလီယံချီ တန်ဖိုးရှိတဲ့ ရေနံ ဓာတ်ငွေ့၊ သတ္တုသိုက်နှင့် ကျောက်မျက်ရတနာတွေ အလွန်အကျွံပေါများစွာ ထုတ်လုပ်နေဆဲဖြစ်တဲ့ မြန်မာနိုင်ငံသားများအနေနှင့် ဖူလုံလောက်ငှ တိုးတက်ကြတဲ့ဘဝမျိုးတွေကို ပိုင်ဆိုင်သင့်နေပေမယ့်လည်း တစ်နိုင်ငံလုံးရဲ့ စီးပွားတိုးတက်မှုနှုန်းကတော့ သယံဇာတမထွက်တဲ့ နိုင်ငံအချို့ရဲ့နောက်မှာ ရောက်နေတာကပဲ စီမံခန့်ခွဲမှု အားနည်းလွဲချော်နေတယ်ဆိုတာကို ငြင်းလို့မရနိုင်တဲ့အချက် ဖြစ်ပါတယ်။

နိုင်ငံအနေနှင့် စုဆောင်းခြင်းနှင့် တည်ငြိမ်ရေးရန်ပုံငွေများ Stabilization Fund ချမှတ်ဖို့ ထက်မြက်စွာ ဆောင်ရွက်နိုင်ခြင်းမရှိလို့ သယံဇာတကြောင့် အကျိုးအမြတ်နည်းတဲ့အပြင် အဆိုးကပ်ဝဲမှာပဲ ဆက်ကာဆက်ကာ နစ်နေလို့ နှစ်စဉ် ရေကြီးရေလျှံနှင့် သဘာဝဘေးဒုက္ခတွေ ပိုမိုခံစားနေရတာ အားလုံးအသိပါပဲ။ သယံဇာတစီမံခန့်ခွဲအုပ်ချုပ်မှု အားနည်းတဲ့နိုင်ငံတွေဟာ ကိုယ်ချမှတ်တဲ့ စည်းမျဉ်းဥပဒေသများကို ကိုယ်ကိုယ်တိုင်ပဲ ဖောက်ဖျက်လေ့ရှိပါတယ်။ အစိုးရတစ်ရပ်အနေနှင့်ရေးဆွဲထားတဲ့ ဥပဒေမူဝါဒများနှင့် အကောင်အထည်ဖော်မှုတွေမှာ Good Governance ဖြစ်ဖို့ ခိုင်မာတဲ့ ထိန်းကျောင်းစောင့်ကြည့်မှု Strong Oversight နှင့်လက်တွေ့ဆောင်ရွက်နိုင်စွမ်း Competence တို့အပြင် ဆောင်ရွက်လိုစိတ် စေတနာ Willingness တို့ပါ အထူးပြည့်စုံရမှာ ဖြစ်ပါတယ်။ သယံဇာတစီမံခန့်ခွဲမှုဟာ အလွန် အရေးကြီးပါတယ်။

စီမံအုပ်ချုပ်မှုလွဲချော်တာနှင့် ဆင်းရဲမွဲတေမှု မြင့်တက်တဲ့အပြင် သဘာဝဘေးဒဏ်ပါ အဆစ်ရပြီး ပြန်လည်ထူထောင်ရေးတွေကြောင့် နူရာဝဲစွဲ လဲရာသူခိုးထောင်း တိုင်းပြည်အနာဂတ် မကောင်းတဲ့ ပြည်သူ/ပြည်သားတွေခမျာ မိအေးသုံးခါနာရပါတယ်။ လုပ်ငန်းဌာနအချို့ရဲ့ မူဝါဒတွေ အားနည်းခဲ့လို့ အကျင့်ပျက်လာဘ်စားမှုမြင့်မားခြင်းရဲ့ အကျိုးဆက်က ၂၀၀၄ ကနေ ၂၀၁၄၊ အဲဒီကမှ ယနေ့ထိတိုင် ထရီလီယံနဲ့ချီတဲ့ ရေနံဓာတ်ငွေ့၊ သတ္တုတွင်းထွက်နှင့် ကျောက်မျက်ရတနာများ အလျင်စလို ထုတ်ခဲ့ကြပေမယ့်လည်း ခုထက်ထိ အကြွေးဂယက်က ပြေးမထွက်နိုင်ခဲ့သေးတာကပဲ သက်သေဖြစ်ပါတယ်။ သယံဇာတအုပ်ချုပ်မှုကောင်းခဲ့မယ်ဆိုရင် သဘာဝကြောင့်ဖြစ်ပေါ်လာတဲ့ ဘေးဒဏ်များကိုလည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သယံဇာတစီမံခန့်ခွဲမှုနှင့်ပတ်သက်လို့ အပြောင်းအလဲ တစ်စုံတစ်ရာ မလုပ်နိုင်သေးသမျှ ဆင်းရဲတွင်း နက်သထက်နက်နေပြီး၊ ရာသီဥတုအပြောင်းအလဲရဲ့ဆိုးကျိုးများ အကြီးအကျယ်

ခံရဦးမှာဖြစ်ပြီး သယံဇာတစီမံခန့်ခွဲမှုဟာ ပစ္စုပ္ပန်မှာရော အနာဂတ်အတွက်ပါ အရေးကြီးလွန်းလို့ တာဝန်ရှိ စီမံအုပ်ချုပ်သူတွေအနေနှင့် အားနည်းနေတာကို အမှန်အတိုင်းလက်ခံဖို့လိုပါမယ်။ နာမည်ကျော် ဆရာတော်ကြီးတစ်ပါးက ကိုယ်မဟန်တာကို မဟန်ဘူးလို့ သိနေရင်ဘဲ အတော်ဟန်နေပြီလို့ ဆုံးမ သတိပေးဖူးပါတယ်။ အခုလို စီမံခန့်ခွဲမှုတွေ ညံ့ဖျင်းမှုကြောင့် သယံဇာတတွေ ဆုံးရှုံးနေရတယ်လို့ အကြိမ်ကြိမ်အခါခါ ပြောနေရခြင်းက အပြစ်ဖို့တာ မဟုတ်ပါဘူး။ ပြုပြင်စေချင်လွန်းလို့၊ ပြုပြင်ရင် ရနိုင်လို့ ပြုပြင်ချင်စိတ်လေးပဲ ရှိဖို့အတွက် ပြောနေရခြင်းဖြစ်ပါတယ်။ ဒါနှင့်ပတ်သက်လို့ သိပ်မဝေးလှတဲ့ အိမ်နီးချင်းတရုတ်နိုင်ငံကိုပဲ သက်သေပြချင်ပါတယ်။ ၁၉၉၀ ဝန်းကျင်လောက် တရုတ်မြန်မာ နယ်စပ်မြို့ ဖြစ်တဲ့ ရွှေလီမှာ ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်းများ စတင်ခဲ့စဉ်ကတည်းက ကျောက်မျက် စျေးများအပြင် ကျောက်မျက်အရောင်းဆိုင်များစွာကို မြို့အနှံ့တရားဥပဒေလုပ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ခင်းကျင်း ရောင်းချစေခဲ့ပါတယ်။ ရွှေလီမြို့ကို ကျောက်စိမ်းမြို့တော်လို့ သတ်မှတ်ပြီး ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပတ်သက်တဲ့ဆိုင်များ၊ ကုမ္ပဏီများ တစ်နိုင်တစ်ပိုင်ရောင်းဝယ်ဖောက်ကားတဲ့ လုပ်ငန်းရှင် အသေးစားများအားလုံး ရှင်သန်ဖွံ့ဖြိုးလာသမျှရဲ့ (၁၀၀)ရာခိုင်နှုန်းဟာ မြန်မာပြည်ဘက်က ဝင်ရောက်တဲ့ ကျောက်စိမ်းများပဲ ဖြစ်ပါတယ်။

ကမ္ဘာအနှံ့နှင့် တရုတ်ပြည်မကြီးမှ ကုန်သည်ကြီးငယ်မဟူ လာရောက် ဝယ်ယူရောင်းချကြလို့ နေ့ချင်းညချင်း ရွှေလီဟာ ကြီးပွားတိုးတက်လာပြီး ယွမ်ငွေ သိန်းပေါင်းများစွာ လည်ပတ်စီးဆင်းရုံသာ မက နိုင်ငံကို အခွန်ဘဏ္ဍာများစွာ ရှာပေးနိုင်ခဲ့ပါတယ်။ ခေတ်မီဟိုတယ်ကြီးများ၊ ကားဂိတ်ကြီးများ၊ လမ်းအကျယ်ကြီးများ မှိုပွင့်ပမာ အလျှိုလျှိုပေါ်ထွက်လာပြီး ရရှိတဲ့အခွန်အခများက တစ်ဆင့် မြို့တော်နှင့် လူထုဘဝတစ်စတစ်စ တိုးတက်မြင့်မားလာရုံမျှမက ရွှေလီမြို့ကို နမူနာယူပြီး အခြားသော ရင်ကြမ်း၊ ထိန်ကြုံး၊ မန်းစစ်၊ ကူမင်း စတဲ့ မြို့များမှာလည်း ကျောက်စိမ်းကျောက်မျက်စျေးများ အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်လိုက်လို့ ကမ္ဘာနှင့်အဝှမ်း ကျောက်စိမ်းကုန်သည်များအတွက် အချိန်မရွေး ဝယ်ယူရောင်းချ နိုင်တဲ့ ကျောက်စိမ်းစျေးကွက်များဖြစ်နေပြီး ထိုမြို့များအားလုံး စည်ကားလာရုံမျှမက မရှေးမနှောင်းမှာဘဲ ဖွံ့ဖြိုးတိုးတက်လာပါတယ်။ အမှန်တကယ် ကျောက်စိမ်းထွက်ရှိမှုမရှိပါဘဲနဲ့ ရွှေလီနှင့် အခြားမြို့ကြီး များကတောင် မြန်မာ့ကျောက်စိမ်းကို အရင်းတည်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်နိုင်ကြသေးရင် မူရင်းပိုင်ရှင်ဖြစ်တဲ့ ကိုယ်တွေကရော ဒီအတိုင်း လက်ပိုက်ပြီးကြည့်နေကြဦးမှာလား၊ ဒါဆိုရင်တော့ ကမ္ဘာမှာ မြန်မာဟေ့လို့ ကြွေးကြော်ဖို့နေနေသာသာ မြန်မာဟာ ဗလာဟေ့လို့ အော်ရုံမှတစ်ပါး အခြားမရှိတော့ပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရေသယံဇာတကိုလည်း အထူးပြု ပြောချင်ပါသေးတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံက ရနောင်း ငါးစျေး၊ မဟာချိုင် တလေထိုင်း ငါးစျေးတွေမှာ ပုံမှာတွေ့ရတဲ့အတိုင်း ကြီးကျယ်စည်ကားနေပြီး မြန်မာ့ငါးနှင့် မြန်မာ့သယံဇာတတွေ နေ့စဉ် နှင့်အမျှ သူများနိုင်ငံတိုးတက်ဖို့ အသုံးတော်ခံနေချိန်မှာ ကိုယ့်ဆီမှာတော့ နောက်(၆)နှစ်မှ အကောင်အထည် ပေါ်မယ့် လုပ်ငန်းတွေကို မျှော်လင့်နေရုံနှင့်မပြီးသေးဘဲ လတ်တလောရှိပြီးသား ငါးလေလံစျေး မြိတ်ကို အမြန်အကောင်အထည်ဖော် လုပ်ငန်းတိုးချဲ့နိုင်ဖို့ နိုင်ငံတော်ဘက်က ဥပဒေနှင့်အညီ မြန်မြန်ဆန်ဆန် မှန်မှန်ကန်ကန် ကူညီအားပေးသင့်ပါတယ်။ ဘာလို့လည်းဆိုတော့ လိုင်စင်မဲ့ငါးဖမ်းယာဉ် (၂၀၀)အစီး နီးပါးကို မြန်မာဘက်ခြမ်းက လုပ်ငန်းရှင်တွေ ဝယ်ယူသွားကြတယ်လို့ မကြာသေးကမှ ထိုင်းနိုင်ငံ မဟာချိုင် ငါးအသင်းအဖွဲ့တာဝန်ရှိသူက သတိပေး ပြောကြားခဲ့ဖူးလို့ပါပဲ။ ဒီလိုသာ လျစ်လျူရှု အချိန်ဆွဲ

နေရင်တော့ သဘာဝရေသယံဇာတတွေကလည်း စီမံခန့်ခွဲမှုအားနည်းခြင်းရဲ့ အကျိုးဆက်ကြောင့် သူခိုးသူဝှက်တို့ရဲ့လက်ချက်နှင့်ပဲ ဤတွင် နိဋ္ဌိတံတောမှာ ဖြစ်တယ်လို့ အကြံပြုချင်ပါတယ်။

နောက်ဆုံးအနေနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းတဲ့ နိုင်ငံတော်ရဲ့ သယံဇာတများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့အတွက် အမျိုးသားရေးတာဝန် တစ်ရပ်သာမက အမျိုးသားရေးမူဝါဒအဖြစ် ပြုပြင်သင့်သည်တို့ကို ပြုပြင်ပြီး ၎င်းအဆိုကို မှတ်တမ်း တင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ၊ သယံဇာတစီမံခန့်ခွဲမှုအပိုင်းကို အထူးကြပ်မတ် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်လိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်သယံဇာတများ စီမံခန့်ခွဲမှု အခြေအနေပြပုံ (သ)



မြန်မာ့ကျောက်စိမ်းနဲ့ တဟုန်ထိုးဖွံ့ဖြိုးခဲ့သော ကျောက်စိမ်းမြို့တော် မြို့ရွှေလီမုခ်ဦး မြင်ကွင်းပုံ (သ-၁)

တနင်္သာရီ အပတ်စဉ် သတင်းစာ၏ မြင်ကွင်းပုံ (သ-၂)

အချိန်၊ ၁၁း၅၃။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၁း၅၃။

ဦးမာန်လောမောင်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်က ဦးဖေချစ် အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဓိက သစ်တောသယံဇာတပြုန်းတီးမှုကို အဓိကထား ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာ ကျွန်တော်တို့ ကျေးငှားအရွယ်တုန်းက မနက်အိပ်ယာထလို့ရှိရင် တောကြက်တွန်သံ၊ ကြက်တွန်သံ အပြိုင်ကြားရပါတယ်။ တစ်ဆက်တည်းမှာပဲ မျောက်အော်သံတွေ၊ ဂျီဟောက်သံတွေလည်း အတိုင်းသားကြားနေရပါတယ်။ တစ်ပတ်မှာတစ်ခါ ရွာရဲ့ အောက်မှာရှိတဲ့ ပင်းလုံးချောင်း၊ တောချောင်းတစ်လျှောက်မှာ အောက်ချင်ငှက်စုံတွဲများ ပျံဝဲနေတာကိုလည်း တွေ့နေကြဖြစ်ပါတယ်။ ထိုအချိန်တုန်းက သစ်ကြီး၊ ဝါးကြီးများ ပေါသဖြင့် တောရိုင်းတိရစ္ဆာန်များကြောက်၍ တစ်ယောက်တည်း တောထဲကိုလည်း မသွားရဲကြပါ။ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် အစပ်ကြားမှာဆိုလို့ရှိရင် ကျွန်းပင်များ၊ သစ်မာပင်များ၊ နှစ်ယောက်ဖက်၊ သုံး ယောက်ဖက် အပင်ကြီးများ မြောက်များစွာ ပေါက်ရောက်ပြီး ဆင်ရိုင်းများရှိသဖြင့် ဘယ်သူမှလည်း မသွားရဲကြပါ။ ထိုအချိန်က တောင်ယာတစ်နှစ်ခုတ်ပါက ဆန်ရေစပါးများ သုံးနှစ်စာ၊ လေးနှစ်စာရရှိကြပြီး စပါးကျီများဆောက်ကာ သိုလှောင်ထားပြီး အစာရေစာ မပူမပင် ရှိခဲ့ကြပါသည်။ အခုအချိန်အခါမှာတော့ ကျွန်းပင်၊ သစ်မာပင်များ နေရာတွင် စစ်အစိုးရလက်ထက် သစ်ကုန်သည်များကြောင့် ဖုန်းဆိုး

တောများ အစားထိုးလျက်ရှိနေသည်ကို တွေ့ရပါတယ်။ တောကောင်များ၊ ငှက်အော်သံများလည်း ဆိတ်သုဉ်းလျက်ရှိနေသည်ကို တွေ့ရပါတယ်။

ထိုသို့ သစ်တောပြုန်းတီးမှုကြောင့် မြေကြီးထိန်းသည့် သစ်ပင်များမရှိတော့သဖြင့် ကမ်းပါးပြိုခြင်း တောင်ကြောလိုက်ပြိုခြင်းတို့ကြောင့် အိမ်များ၊ ရွာများ၊ ပြောင်းရွှေ့ခြင်း လေကာပင်မရှိသဖြင့် အိမ်ခေါင်မိုးများလန်ခြင်းကို နှစ်စဉ်ကြုံတွေ့နေကြပါတယ်။ သစ်တောပြုန်းတီးမှုကြောင့် ရေများ ရှားလာတယ်။ ရာသီဥတုဖောက်ပြန်လာတဲ့အတွက်ကြောင့်မို့လို့ အပူအအေးမမျှတဲ့အတွက် လူတွေလည်း ဖျားနာပြီးမှ သေဆုံးကြသည်အထိဖြစ်ပါတယ်။ မြေဆီ၊ မြေသြဇာများလည်း မိုးရေများနှင့်အတူ တောင်အောက်ကို ပါသွားတဲ့အတွက်ကြောင့်မို့လို့ မြေသြဇာကုန်ခမ်းတဲ့ နေရာမှာ စိုက်ထားတဲ့ သီးနှံများလည်းပဲ လူပင်ပန်း သလောက် အထွက်နှုန်းလျော့ကျပြီး စားဝတ်နေရေး အပူအပင်တွေနှင့်သာ ရင်ဆိုင်နေကြရပါတယ်။ မြေသြဇာကုန်ခမ်းသည့်နေရာတွင် စိုက်ထားသည့် သီးနှံပင်များကို စားသုံးခြင်းကြောင့် အာဟာရချို့တဲ့ တဲ့ ရောဂါ၊ လည်ပင်ကြီးရောဂါများလည်း ရရှိလာတာ တွေ့ရပါတယ်။

ထို့ကြောင့် ကျွန်တော်တို့ ချင်းပြည်နယ်ဟာ သစ်တောပြုန်းတီးမှုကြောင့် မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်ဆိုးကြီးရဲ့ ခြိမ်းခြောက်မှုကို ခါးစည်းခံနေကြရပြီ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ မိုးရာသီတုန်းက မင်းတပ်မြို့နယ်မှာ တောင်ကြောလိုက်မြေပြိုသဖြင့် ရွာပေါင်း(၄)ရွာ၊ အိမ်ခြေပေါင်း (၁၄၆)အိမ် အိမ်ထောင်ပြောင်းရွှေ့ခဲ့ရပါတယ်။ မရှိဆင်းရဲသားများ အိမ်ရွှေ့ရသဖြင့် အတိဒုက္ခ ကြုံတွေ့နေရပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ အဓိက သစ်တောပြုန်းတီးတာကတော့ ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့်လည်းဖြစ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ကလည်းပဲ ကျေးရွာများရဲ့ မရှိမဖြစ် သက်မွေးဝမ်းကျောင်းလုပ်ကြရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ ဒါ ရွှေ့ပြောင်းတောင်ယာစနစ်အစား စီးပွားဖြစ်တဲ့ စိုက်ပျိုးရေးစနစ်ကို အစားထိုးပြီးတော့ ဝဥ္ဃ ကိုစိုက်နေကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ သစ်တောသယံဇာတပြုန်းတီးမှုကြောင့် သမ္မတဦးသိန်းစိန် လက်ထက်မှာ သစ်တောဦးစီးဌာန Policy Department အစား သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးဦးစီးဌာန Natural Resources Environmental Conservation Department လို့ပြောင်းလဲပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ဥပဒေပြဋ္ဌာန်းပြီး ၎င်းဌာနမှ သစ်ပင်များပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့သော်လည်းပဲ အကောင်အထည်မဖော်နိုင်ခဲ့ပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ်မှာ နာဂစ်ကြောင့် လူပေါင်းနှစ်သိန်းကျော် သေဆုံးခဲ့ရပါတယ်။ ဒါဧရာဝတီတိုင်း ပင်လယ်ကမ်းခြေမှ ဒီရေတောများကို အရင်အစိုးရလက်ထက်မှာ ဥပဒေမဲ့ ခုတ်လှဲရောင်းဝယ်ခြင်းကြောင့် ဒီရေတောများပြုန်းတီးပြီး အကာအကွယ်မဲ့သဖြင့် သေဆုံးသူများပြားခဲ့တာလည်းပဲ သာဓက အဖြစ်သိရှိရပါတယ်။ နောက် ကမ္ဘာနှင့်ချီပြီး ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ ကမ္ဘာ့မှန်လုံအိမ်ကြီးဟာပူနွေးလာပြီး ရာသီဥတုပြောင်းလဲလာတယ်လို့ ဆိုပါတယ်။ ထိုသို့ ပူနွေးလာတာဟာ ဆိုလို့ရှိရင် စက်ရုံ၊ အလုပ်ရုံကနေ ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ရယ်၊ လူတွေရဲ့သုံးတဲ့ယာဉ်များ ကထွက်တဲ့ စက်သုံးဆီများက ထွက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ကြောင့် ပူနွေးလာတာကို တွေ့ရပါတယ်။ အဲဒီလို ပူနွေးလာတော့ ရာသီဥတုပြောင်းလဲလာတယ်။ ရာသီဥတုပြောင်းလဲတာဟာ တစ်ဖက်မှာ ကြည့်လို့ရှိရင် သစ်တောပြုန်းတီးမှုကြောင့်လည်းပဲ ရာသီဥတုပြောင်းလဲလာတာတွေ့ရှိကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ပညာရှင်များက နေပြီးတော့မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး

ဥပဒေကို ပြဋ္ဌာန်းပြီး ကမ္ဘာ့ကုလသမဂ္ဂရဲ့ အစီအစဉ်နှင့် (NRGI) Natural Resources Governance Institute ပေါ့။ Director Board အဖွဲ့၊ သဘာပတိအဖွဲ့ကို ဖွဲ့ပြီးတော့မှ ဝန်ထမ်းများကနေပြီးတော့မှ အထောက်အကူပြု စာရွက်စာတမ်းပေါင်း တစ်သောင်းကျော် မေးခွန်းပေါင်း(၁၄၉)ခု၊ သုတေသီ ပညာရှင် (၁၅၀)ဦးတို့မှ သတ်မှတ်သည့် သယံဇာတအုပ်ချုပ်မှု အညွှန်းကိန်းကို ထုတ်ပြန်ထားပါတယ်။ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ Sustainable Development ပေါ့။ အဆက်မပြတ်သယံဇာတကို ထုတ်ယူသုံးစွဲရေးပေါ့။ အဓိပ္ပာယ်ကတော့ အခု အနာဂတ်ကာလမှာလည်း ထုတ်ယူသုံးစွဲမယ်။ နောက်လာမယ့် ရေရှည်မှာ မျိုးဆက်သစ်တွေမှာလည်းပဲ သုံးစွဲမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။

နောက်တစ်ခါ ဂေဟစနစ် Eco System ပေါ့။ အဲဒါ မပျက်စီးအောင် နောက်တတိယ ရည်ရွယ်ချက်ကတော့ ဒီသယံဇာတတွေကို စည်းကမ်းတကျ ထုတ်ယူသုံးစွဲဖို့ဆိုပြီးတော့မှ အဲဒီအုပ်ချုပ်မှု အညွှန်းကိန်းကို ထုတ်ပြန်ထားတာတွေ့ရပါတယ်။ ဒီအုပ်ချုပ်မှု အညွှန်းကိန်းအရ (၇၅)မှတ် အထက်ကို အစိမ်းရောင်နယ်မြေ၊ Green Land လို့ခေါ်ပါတယ်။ ကမ္ဘာမှာကြည့်မယ်ဆိုရင် ကမ္ဘာမှာ နိုင်ငံအများကြီး အနက် (၄)နိုင်ငံတည်းပဲ Green Land မှာ တွေ့ရပါတယ်။ (၇၅)မှတ်အထက်မှာ နော်ဝေးက (၈၆)မှတ်၊ ချီလီက (၇၈)မှတ်၊ ဗြိတိန်က (၇၇)မှတ်၊ ကနေဒါ(၇၅)မှတ်နှင့် အစိမ်းရောင်နယ်မြေ၊ (၄)နိုင်ငံပဲ ရှိပါတယ်။ ကမ္ဘာမှာ ကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ သစ်တောပြုန်းတီးမှုက အများကြီးစိန်ခေါ်နေတာကို တွေ့ရပါတယ်။ နောက် (၇၄)မှတ် နှင့် (၆၁)မှတ်အကြား စိမ်းဖျော့ရောင် သာမန်အဆင့်မှာဆိုရင်တော့ (၁၅)နိုင်ငံပါဝင်ပါတယ်။ နောက်(၅၉)မှတ်နှင့် (၄၅)မှတ်အကြား လိမ္မော်ရောင် ညံ့တဲ့အဆင့်မှာ (၃၁)နိုင်ငံ။ နောက် (၄၄)မှတ်နှင့် (၃၀)မှတ်အကြား အနီရောင် အလွန်ညံ့အဆင့်ပေါ့။ အဲဒီမှာ(၂၉)နိုင်ငံ။ နောက် (၂၉)မှတ်နှင့် (၁၀)မှတ်အကြား အနီရင့်ရောင်ကျဆုံးအဆင့်မှာဆိုလို့ရှိရင် (၁၀)နိုင်ငံပါဝင်ပြီးတော့မှ အဲဒီမှာ မြန်မာနိုင်ငံက (၂၇) မှတ်ပဲရရှိတာ တွေ့ရှိရပါတယ်။

အဲဒါကို ကြည့်ခြင်းအားဖြင့်လည်း ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံးက နေပြီးတော့မှ ဦးဖေချစ် ရဲ့ အဆိုဖြစ်တဲ့ သဘာဝသယံဇာတ ပျက်စီးဆုံးရှုံးမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရေးဆိုတဲ့ အဆိုကို ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၂း၀၀။

ဥက္ကဋ္ဌ။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၂း၀၀။

ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်းပြီး သုံးသပ်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုကို ကျွန်မရဲ့ရှေ့မှာ ကိုယ်စားလှယ်(၁၅)ဦး ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ဆွေးနွေးသွားကြတဲ့ အကြောင်းအရာထဲမှာ တူညီတဲ့အချက်ကတော့ သဘာဝသယံဇာတ ဆိုတဲ့ ဝေါဟာရအောက်မှာ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများအားလုံး အကျုံးဝင်နေတာကြောင့် အဆိုဟာ အင်မတန်ကျယ်ပြန့်နေပါတယ်။ အကြောင်းအရာတစ်ခုတည်းမဟုတ်ဘဲ များစွာပါဝင်နေတယ်ဆိုတဲ့အချက်ပါပဲ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၅၉၊ (က)အရ အဆိုတစ်ရပ်ဟာ ရှင်းလင်းပြတ်သားပြီး တိကျစွာဖော်ပြသော အကြောင်းအရပ်တစ်ခုရှိရမယ်လို့ ဆိုပါတယ်။ ကျွန်မနားလည်တာကတော့ ဒီ ပြဋ္ဌာန်းချက်ဟာ အစိုးရကို ကိစ္စတစ်ခုဆောင်ရွက်စေချင်လို့ ကျွန်မတို့ လွှတ်တော်အနေနှင့် တိုက်တွန်းကြတဲ့အခါမှာ အဲဒီ တိုက်တွန်းချက်ကို အစိုးရက လက်တွေ့ဖော်ဆောင်နိုင်ဖို့အတွက် အကြောင်းအရာအားဖြင့် ရှင်းလင်းပြတ်သားတိကျဖို့ လိုတယ်ဆိုတာပါပဲ။ အခု အဆိုရှင်ရဲ့ တိုက်တွန်းချက်များဟာ အစိုးရအနေနှင့် လက်တွေ့မှာ ဘယ်လိုဘယ်ပုံ ဆောင်ရွက်မလဲ။ ဖော်ဆောင်ဖို့ လိုအပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေရော လုံလောက်ပြည့်စုံမှုရှိရဲ့လား။ ဘယ်အချိန် ဘယ်အတိုင်းအတာအထိ ဖော်ဆောင်နိုင်တဲ့ အခြေအနေမှာရှိလဲဆိုတာကိုတော့ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များ ထည့်စဉ်းစားရမှာ ဖြစ်ပါတယ်။

သဘာဝသယံဇာတလို့ဆိုတာနဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနတစ်ခုတည်းကို မြင်လို့မရပါဘူး။ ဝန်ကြီးဌာနတော်တော်များများနှင့် ဆက်စပ်နေပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန စတဲ့ သဘာဝသယံဇာတအရင်းအမြစ်တွေနှင့် ဆက်စပ်မှုရှိတဲ့ ဝန်ကြီးဌာနအားလုံးနှင့် သက်ဆိုင်နေပါတယ်။ ဒါကြောင့် ဒီဝန်ကြီးဌာနတွေမှာ ကဏ္ဍအလိုက်ဥပဒေတွေ၊ နည်းဥပဒေတွေရှိဖို့ လိုအပ်ပါတယ်။ ဥပမာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှာဆိုရင် အဓိက ကျင့်သုံးနေတဲ့ ဥပဒေတွေ ရှိပါတယ်။ ဆည်မြောင်းဥပဒေ၊ ရေအခွန်နှင့် တာတမံခွန်ဥပဒေ၊ တာတမံဥပဒေစသဖြင့် ရှိပါတယ်။ ဒီနေရာမှာ ရေအသုံးချမှု စီမံခန့်ခွဲရေးအတွက်ကျတော့ လောလောဆယ်မှာ မူဝါဒအနေနှင့်သာရှိနေပြီး လက်တွေ့ဖော်ဆောင်ဖို့ ဥပဒေတစ်ရပ် လိုအပ်နေသေးတယ်လို့ ယူဆပါတယ်။ အလားတူပဲ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနှင့်ဆိုရင်လည်း ကိုလိုနီလက်ထက်က ပြဋ္ဌာန်းခဲ့တဲ့ ဒီ The Obession in Fairway Act 1881 The Define Tropical Act 1907 နှင့် ကျွန်မတို့ ၂၀၁၇ ခုနှစ်မှာ လွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ပြင်ဆင်ပြဋ္ဌာန်းလိုက်တဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေတွေ ရှိပါတယ်။

အင်္ဂလိပ်လက်ထက်က ဥပဒေနှစ်ရပ်ကတော့ ခေတ်စနစ်နှင့် ကိုက်ညီမှု အားနည်းသလို တစ်နိုင်ငံလုံးကို လွှမ်းခြုံမှု မရှိပါဘူး။ ၂၀၁၇ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကတော့ မြစ်ချောင်းများထိန်းသိမ်းဖို့အတွက် အတိုင်းအတာတစ်ခုအထိ ပြည့်စုံလုံလောက်မှုရှိပေမယ့် ရေအရင်းအမြစ်တွေထိန်းသိမ်းဖို့ စီမံခန့်ခွဲဖို့အတွက်ကတော့ အားနည်းချက်တွေ ရှိနေပါသေးတယ်။ အဲဒီတော့ လိုအပ်နေသေးတဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးဖို့နှင့် အားနည်းချက်ရှိတဲ့ ဥပဒေတွေကို လက်တွေ့ကျကျ အသုံးတည့်အောင် ပြုစုပြဋ္ဌာန်းပေးဖို့ကျတော့

ကျွန်မတို့ လွှတ်တော်မှာ တာဝန်အရှိဆုံးဖြစ်ပါတယ်။ ဆိုလိုတာကတော့ ကျွန်မတို့နိုင်ငံရဲ့ သဘာဝ သယံဇာတများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံမျှမက နိုင်ငံတော်နှင့် ပြည်သူအတွက် ရေရှည် အကျိုးရှိရှိ စနစ်တကျ အသုံးချနိုင်ဖို့အတွက်ဆိုရင် ကောင်းမွန်ပြီး လက်တွေ့ကျတဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့ လိုအပ်နေသေးတယ် ဆိုတာပါပဲ။ လုပ်ဖို့မဖြစ်နိုင်ပါဘူး။ လွှတ်တော်နှင့်အစိုးရ ပူးပေါင်း ပြီးတော့ အမြန်ဆုံးဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုထဲမှာ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံး နေခြင်းလို့ ဖော်ပြပါရှိပါတယ်။ ပျက်စီးဆုံးရှုံးရတယ်ဆိုတာ မထိန်းသိမ်း၊ မကာကွယ်၊ မစောင့်ရှောက်နိုင်လို့ လို့ ယေဘုယျအားဖြင့်တော့ ပြောရမှာပါ။ ဒီနေရာမှာ အရေးကြီးတာက ဘာကြောင့် မထိန်းသိမ်း၊ မကာကွယ်၊ မစောင့်ရှောက်နိုင်တာလဲဆိုတာကို ကျွန်မတို့ အလေးထားသုံးသပ်ဖို့ ဖြစ်ပါတယ်။ ကျွန်မ အနေနှင့် အချက်(၅)ချက်ကို သုံးသပ်မိပါတယ်။ (၁) နည်းပညာနှင့် ရင်းနှီးမြှုပ်နှံနိုင်မှု ငွေကြေးအင်းအား အားနည်းခြင်း၊ (၂) ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့နှင့် စနစ်တကျ ရေရှည်အသုံးပြုနိုင်ဖို့ အတွက် ဥပဒေများ ပြည့်စုံလုံလောက်မှုမရှိခြင်း သို့မဟုတ် ပြဋ္ဌာန်းပြီးဥပဒေများ အားနည်းချက်ရှိခြင်း၊ (၃) အချက်က ဥပဒေအားနည်းချက်များအပေါ် အခွင့်ကောင်းယူကာ ဝိသမလောဘသားများနှင့် လုပ်ပိုင် ခွင့်ရှိသူများ ပူးပေါင်းပြီး အလွန်အကျွံထုတ်ယူကိုယ်ကျိုးရှာခဲ့ကြခြင်း၊ (၄) အချက်က သဘာဝသယံဇာတ ပေါကြွယ်ဝတဲ့ဒေသများ၊ ဥပမာ ကချင်ပြည်နယ်က တစ်ချို့ဒေသတွေမှာလို ငြိမ်းချမ်းရေးမရှိတဲ့အတွက် တရားဥပဒေမစိုးမိုးနိုင်ခြင်း၊ ဒီနေရာမှာ ငြိမ်းချမ်းရေးမရှိလို့ ပြည်သူပိုင်အဖိုးတန် သယံဇာတတွေကို အဖွဲ့အစည်းအကျိုးသုံးဖို့ အခွင့်အရေးရနေသလား။ ဒီ အခွင့်အရေးတွေအတွက်ပဲ မငြိမ်းချမ်းရလေအောင် ဖန်တီးမိလေကြသလား ဆိုတာကတော့ ကာယကံရှင်တွေပဲ အသိဆုံး ဖြစ်မှာပါ။

နောက်ဆုံးအချက်(၅)အနေနဲ့ကတော့ ပုံမှန်ငြိမ်းချမ်းနေတဲ့ ပြည်နယ်၊ တိုင်းတွေမှာ ကျတော့ လည်း အစိုးရလုပ်ပိုင်ခွင့်၊ ဌာနလုပ်ပိုင်ခွင့်ရှိသူတစ်ချို့ဟာ အဂတိလိုက်စားခြင်း၊ တာဝန်ပေါ့လျော့ခြင်း၊ အလုပ်ရှုပ်မခံလိုခြင်းတွေကြောင့် သဘာဝသယံဇာတများ လိုင်စင်မဲ့၊ စည်းကမ်းမဲ့ ထုတ်လုပ်ခြင်းများကို ဥပဒေနှင့်အညီ မဆောင်ရွက်ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်မတို့ မွန်ပြည်နယ်မှာ ဆိုလို့ရှိရင် တစ်ချိန်က တာဝန်ရှိသူတစ်ချို့ဟာ လုပ်ငန်းရှင်တွေနှင့် ပေါင်းပြီးတော့ လုပ်ပိုင်ခွင့် အလွဲသုံးကိုယ်ကျိုး ရှာခဲ့ပါတယ်။ ဥပမာ ကျောက်ထုတ်ခြင်း၊ သဲစုပ်ခြင်း၊ ရွှေတူးခြင်း စတဲ့ လုပ်ငန်းတွေကြောင့် တောတောင်တွေပြုန်း၊ မြစ်ချောင်းများပျက်စီးတဲ့ ဆိုးကျိုးတွေကို ဒီနေ့မှာ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ ဒီရေတောတွေကို ငါးမွေးကန်အဖြစ် ဧကပေါင်းများစွာ လုပ်ပိုင်ခွင့်ချပေးခဲ့တဲ့ ပြဿနာတွေလည်း ရှိနေပါတယ်။

ဥပဒေကို မျက်ကွယ်ပြုခဲ့ကြတဲ့ စီးပွားရေးလုပ်ငန်းများရဲ့အရှိန်ဟာ ဒီနေ့အထိ အားကောင်းဆဲ ဖြစ်နေတာမို့လို့ ဒီလိုအခြေအနေတွေကို ရပ်တန့်ဖို့အတွက် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကြိုးစားရုန်းကန်နေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနှင့် ဆွေးနွေးလိုတာက ဥပဒေပြဋ္ဌာန်းချက် များရှိပါလျက်နှင့် တာဝန်ရှိသူတွေ တချို့ဟာ လုပ်လို့ရတာတွေတောင် လုပ်ဖို့ နှောင့်နှေးပျက်ကွက်မှု ရှိနေကြတဲ့အတွက် ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် အခုလိုထောက်ပြဝေဖန် တိုက်တွန်း ရခြင်းဖြစ်ပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၂:၀၆။

ဥက္ကဋ္ဌ။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၂:၀၆။

ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် အဆိုကို သုံးသပ်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်မှ ဖြစ်ရပ်မှန်များကို အခြေခံလျက် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများ ပြုန်းတီးနေခြင်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဟု ဖော်ပြပါရှိပါတယ်။ အဆိုရှင်မှ မြန်မာနိုင်ငံတွင် ၁၉၉၁မှ ၂၀၁၅ ခုနှစ်၊ (၂၅)နှစ်အတွင်း အုပ်ချုပ်သူများရဲ့ လောဘကြောင့် ကမ္ဘာပေါ်မှာ သယံဇာတပြုန်းတီးမှု တတိယနေရာတွင်ရှိကြောင်း ဖော်ပြခဲ့ပါတယ်။ ကချင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းမြောက်ပိုင်းဒေသများမှ သယံဇာတများ တူးဖော်ထုတ်လုပ်မှုကို အနည်းငယ်တင်ပြထားပြီးတော့ သယံဇာတတူးဖော်ထုတ်လုပ်သော ကုမ္ပဏီ (၉၈)ခုမှ နိုင်ငံတော်ပေးသွင်းရန် ရွှေတန်ချိန် (၆.၄)တန်ရှိကြောင်း စာချုပ်ပါအချက်အလက်များကို ချိုးဖောက်သူများကို အရေးယူခြင်းမရှိကြောင်း မြန်မာ့သယံဇာတများ ပျက်စီးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းပေးရန် ဖော်ပြပါရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၇-၂၀၁၈ ခုနှစ်ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်ပြည်ထောင်စု၏ အခွန်ရင်ခွေအစီရင်ခံစာတွင် တစ်နိုင်ငံလုံးငါးလုပ်ငန်းမှ ရရှိအခွန်ကျပ် (၂)ဘီလီယံကျော်ကျော်သာ ရှိပါတယ်။ သစ်တောဌာနမှ ကျပ်(၂.၅)ဘီလီယံကျော်ရှိပြီး၊ ဓာတ်သတ္တုအခွန်နှင့် ရတနာအခွန်များမှ ဘီလီယံကျပ်(၁၀)နီးပါးရှိပါတယ်။ မုတ်ကောင်၊ ဝတ်ဆံ၊ မုတ်ခွန် အခွန်ကျပ်(၂၅၂.၆၆)သန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ယူသည့်အခွန်မှာ ကျပ်(၂၁၂)ဘီလီယံရှိကြောင်း သိရှိရပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးမှ ကျပ်(၃၃၅)ဘီလီယံကျော်ရရှိပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကျပ်(၂၅၇၅)ဘီလီယံကျော်ရရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ ပေါကြွယ်ဝသော ရွှေနိုင်ငံဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် ကောက်ခံရရှိတဲ့အခွန်နှင့် ဓာတ်သတ္တုခွန် ရတနာများကို ရတနာအခွန်များမှ ကျပ်(၂၆၀၀)ဘီလီယံနီးပါးရှိကြောင်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်၊ ဖားကန့်မှ ကျောက်စိမ်းတူးဖော်ခြင်းနှင့် ရွှေတူးဖော်ခြင်း၊ ဟုမ္မလင်းဒေသမှ ရွှေတူးဖော်ခြင်းက ရတနာမြေများရဲ့ မြေစာပုံဟာ ဥရုမြစ်ချောင်းမှတစ်ဆင့် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်တဲ့အတွက်ကြောင့် အချိန်ကြာလာတာနှင့်အမျှ ချောင်းကော၊ မြောင်းကောဖြစ်လာမှာဖြစ်ကြောင်း တင်ပြ

လိုပါတယ်။ ဒီနေရာမှ တစ်ဆက်တည်းတင်ပြလိုတာက ဥရုမြစ်အနီး ချင်းတွင်းမြစ်ဘေးမှာရှိတဲ့ မြို့၊ ရွာများဟာ အချိန်ကြာလာတာနှင့်အမျှ ချောင်းကော၊ မြောင်းကောရဲ့ အကျိုးဆက်ကြောင့် ရေကြီးတဲ့သဘာဝဘေးကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကြုံတွေ့လာနိုင်ပါတယ်။ မြစ်ချောင်းများအတွင်း မြေစာပုံစုပုံခြင်းအတွက် သတိမူသင့်ကြောင်း တင်ပြလိုပါတယ်။

အခုအချိန်မှာ ရတနာမြေမှ နိုင်ငံတော်အတွက် အခွန်အခ ပိုမိုရရှိနေသော်လည်းပဲ နောင်တစ်ချိန်မှာ သဘာဝဘေးအန္တရာယ်များကို ပြည်သူများပိုမိုခါးစည်း ခံစားလာရမည်ဖြစ်သောကြောင့် အဖိုးတန် ရတနာများ ထုတ်ယူတဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ကို အရင်ထက်အဆပေါင်းများစွာ အလေးထားသင့်ကြောင်း တင်ပြလိုပါတယ်။ အဆိုရှင်မှ သဘာဝသယံဇာတများအတွက် ရေသယံဇာတများကို မဖော်ပြပေမယ့် ကျွန်တော့်အနေဖြင့် အနည်းငယ်တင်ပြချင်ပါတယ်။ ရေသယံဇာတအနေဖြင့် မြန်မာနိုင်ငံမှာ ၁၉၅၅ ခုနှစ်မှာ တနင်္သာရီ ငါးဖမ်းဆီးမှုဟာ (၃၂၄) ကီလို၊ ၁၉၈၂-၁၉၈၃ ခုနှစ်မှာ (၁)နာရီ ငါးဖမ်းဆီးမှုမှာ (၂၈၈) ကီလို၊ ၁၉၉၃ ခုနှစ်မှာ (၁၈၆) ကီလိုအထိ ရှိခဲ့သော်လည်းပဲ ၂၀၀၆ ခုနှစ်မှာ (၁)နာရီ (၈၆) ကီလိုသာ ရရှိပါတယ်။ ဖမ်းဆီးရရှိခဲ့တဲ့ ငါး၊ ပုစွန်သေးသွားခြင်း၊ ကုန်တက်အိတ်လျှော့သွားခြင်းမှာ သယံဇာတလျှော့နည်းခြင်းရဲ့ လက္ခဏာဖြစ်ကြောင်း တင်ပြလိုပါတယ်။

မြန်မာ့ပင်လယ်ကမ်းဝေးငါးဖမ်းများရဲ့ ငါးဖမ်းနည်းစနစ်များအနက်မှ ဒရွတ်ဆွဲ ငါးဖမ်းနည်းမှာ မြေပေါ်မြေအောက်မှာရှိတဲ့ သယံဇာတများကို ပိုမိုပြုန်းတီးစေပါတယ်။ အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ သုတေသနပညာရှင်များကနေပြီးတော့ ပင်လယ်ဂေဟစနစ်ကို ပျက်စီးစေတဲ့ ဒရွတ်ဆွဲ ငါးဖမ်းနည်းရဲ့ဆိုးကျိုးတွေကို ထောက်ပြပြီးတော့ နောင်လာနောက်သား၊ သားစဉ်မြေးဆက်အတွက် အကျိုးကိုမျှော်ပြီးတော့ ၁၉၈၀ ပြည့်နှစ်ကတည်းက အင်ဒိုနီးရှားနိုင်ငံ၊ အာပူရာပင်လယ်မှ လွဲပြီးတော့ အောက်ခြေ ဒရွတ်ဆွဲ ငါးဖမ်းလှေများကိုပါ ပိတ်ပင်ခဲ့ပါတယ်။ ၎င်း ပင်လယ် ဒရွတ်ဆွဲ ငါးဖမ်းလှေ (၈၇)စီးသာ ခွင့်ပြုခဲ့သော်လည်း ရောထွေးရှုဖမ်းဆီးလာမိတဲ့ ငါး အသေများကို လွတ်မြောက်စေခဲ့တဲ့ By Come Actual Devices ကိရိယာကိုတပ်ဆင်ပြီးမှ ငါးဖမ်းခွင့်ပြုခဲ့ပါတယ်။ တချို့နိုင်ငံများမှာ ငါးသယံဇာတများ ထိန်းသိမ်းခြင်းကို အားပေးသည့်အနေဖြင့် ၎င်း ကိရိယာတပ်ဆင်ပြီးမှသာရရှိသည့် ငါးသယံဇာတများကို ၎င်းတို့ နိုင်ငံသို့ တင်သွင်းခွင့်ပြုခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်ဟာ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှ ထိခိုက်လိုခြင်းမရှိကြောင်းနှင့် ပြည်သူ့အကျိုးစီးပွားအတွက် တင်ပြလိုခြင်းဖြစ်ကြောင်း ပထမဦးဆုံး တင်ပြလိုပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်ခရိုင် ကမ်းဝေး ငါးဖမ်းရေယာဉ် (၇၈၁)စီးရှိသည့်အနက် အုပ်စုကုမ္ပဏီ (၈)အုပ်စုနှင့် ပုဂ္ဂိုလ်အနည်းစုဟာ လှေအစီးရေ(၇၀၀) နီးပါးလောက် ပိုင်ဆိုင်ထားပါတယ်။ ၂၀၁၇-၂၀၁၈ ဒီ ဧပြီလမှ ဒီဇင်ဘာလအထိ နိုင်ငံခြားသို့ တိုက်ရိုက်ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ(၈၀.၆၀)သန်း ကုန်သွယ်မှုရရှိပြီးတော့ နိုင်ငံတော်မှ အမေရိကန်ဒေါ်လာ(၁.၇)သန်း အကောက်ခွန်ရရှိခဲ့ပါတယ်။ မြန်မာကျပ်ငွေအားဖြင့် (၂.၂၉၅)ဘီလီယံသာ နည်းပါးစွာရရှိပြီး အဲဒီပစ္စည်းအတွက် ကောက်ခံရရှိမှုဟာ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် သိမ်နုပ်လွန်းလို့ တံတားတစ်စင်းအတွက် (၃)နှစ်လောက် စုဆောင်းပြီးမှ တံတားတစ်စင်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။ ဒါတောင် ဝန်ထမ်းများရဲ့ လစာခြီးမြှင့်ငွေနှင့်ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားအတွက် မပါသေးပါ။ အမှန်တကယ် ဆိုလျှင် မြိတ်ဒေသမှ ရေထွက်သယံဇာတများကို နည်းမှန်၊ လမ်းမှန်အသုံးပြုပြီး စနစ်တကျ မှန်ကန်စွာ

ဆောင်ရွက်ပါက မြိတ်ဒေသမှထွက်ရှိတဲ့ ပြည်ပပို့ကုန်များဟာ နိုင်ငံတော်မှအခွန်အခရရှိငွေဟာ တစ်နှစ်လျှင် ကျပ်ဘီလီယံ(၃၀)ခန့် ရရှိမှာဖြစ်ပါတယ်။ ကျပ်(၂၇)ဘီလီယံနီးပါးလောက် နိုင်ငံတော်မှ ဆုံးရှုံးနေမှုများကို ဖြစ်ပေါ်လျက်ရှိပါတယ်။

ရခိုင်ကမ်းမြောင်ဒေသမှစပြီးတော့ တနင်္သာရီကမ်းမြောင်ဒေသအဆုံး ပင်လယ်ကျေးရွာများမှာ ရေလုပ်ငန်းလုပ်ကိုင်နေတဲ့ပြည်သူ သန်းနှင့်ချီပြီးတော့ ရေသယံဇာတဆုံးပါးမှုများနှင့် ရင်ဆိုင်နေရပါတယ်။ ရေကုန်ရေခမ်း ရေသယံဇာတများ ပျက်စီးဆုံးရှုံးနေမှု နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ အခွန်အခများ ဆုံးရှုံးနေမှုနှင့် လူတစ်စုမှ ရေသယံဇာတများကို လက်ဝါးကြီးအုပ်လုပ်ကိုင်နေတဲ့အတွက်ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခြေခံမူများနှင့် ဆန့်ကျင်နေပြီး နောင်အခါမှာ ပင်လယ်ငါးဖမ်းဥပဒေကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှ ရေးဆွဲတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပြည်သူများ၏ ဥပဒေ အောက်မှာ တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုကိုရရှိအောင် ငါးလုပ်ငန်းဥပဒေကို ပြင်ဆင်ရန် လိုအပ်မှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

မြိတ်ခရိုင်မှာ ငါးအမှုန့်ကြိတ်စက်ရုံ (၅)ရုံရှိသည့်အနက် တစ်နေ့လျှင် တန်(၁၅၀)နီးပါးမျှ ငါးသယံဇာတ အကောင်သေးများ ဒေသခေါ် ပါကေးများဖြင့် ငါးမှုန့်ကြိတ်ကာ ရန်ကုန်၊ မလေးရှားနှင့် ထိုင်းနိုင်ငံများသို့ ပို့ဆောင်လျက်ရှိပါတယ်။ ၂၀၁၇ - ၂၀၁၈ ဧပြီလမှ ဒီဇင်ဘာလ ၁၅ ရက်အထိ ငါးမှုန့် ထုတ်လုပ်မှု ပို့ကုန်မှာ (၁၉၆၂၅.၅၆)တန်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက ငါးအမှုန့်ကြိတ်စက်ရုံမှ ငါးသယံဇာတ အကောင်သေးလေးများဟာ ကြီးချိန်မရဘဲ သေဆုံးနေကြရပြီး တစ်နေ့တစ်နေ့ တန်ရာနှင့်ချီပြီး မီးကုန်၊ ယမ်းကုန် ပြုန်းတီးထုတ်လုပ်နေတဲ့အတွက်ကြောင့် သိပ်မကြာခင် တော့တဲ့အချိန်မှာ ငါးမျိုးတုံးမှုများနှင့် ရင်ဆိုင်ရတော့မှာ ဖြစ်တဲ့အတွက်ကြောင့် နောင်လာနောက်သား များအတွက် ငါးကို လက်ဖြင့်အရုပ်ရေးရတော့မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်နှင့်မညီတဲ့ ငါးမှုန့်စက်ရုံ များမှ စွန့်ထုတ်သော ရေဆိုးများဟာလည်း ပင်လယ်အတွင်းသို့ စွန့်ထုတ်လျက်ရှိပြီး၊ ငါးအမှုန့်ကြိတ် စက်ရုံများမှ အနံ့များကလည်း မြိတ်မြို့ရဲ့ မြို့တစ်မြို့လုံးကို ဖုံးလွှမ်းနေတဲ့အတွက်ကြောင့် လူအများရဲ့ ပြောဆိုဝေဖန်မှုများကိုလည်း ခံနေရပါတယ်။ ဂျပန်နည်းပညာနှင့် လတ်ဆတ်သော ပါကေးငါးလေးများကို ကျွန်တော်တို့ လုပ်နေပါတယ်ဆိုပြီးတော့ လော်ဘီလုပ်တာကိုလည်း တွေ့ရှိရပါတယ်။ ငါးမှုန့်ကြိတ်စက်ရုံ များမှ ဘယ်လောက် ရောင်းအားကောင်းတယ်ပြောပြော အနံ့ဆိုးများကို အဓိက ခံစားနေရတာက မြိတ်မြို့ပြည်သူများ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မှ ----(သြဘာသံများ)

ငါးတစ်ကောင်ကို သိန်းချီတန်ရှိရရှိနေသော ငါးကြီး၊ ငါးကောင်း၊ ကျွဲရင်နှင့် ငါးအကောင်အသေးက အစ ဖမ်းဆီးနေသော ကျွဲရင်ငါး၏ မြင်ကွင်းပုံ (ဟ)

လွဲမှားစွာ အသုံးချနေသော ရေသယံဇာတ ကုန်ခမ်းနေမှု အခြေအနေ၏ မြင်ကွင်းပုံ (ဟ-၁)



ငါးသယံဇာတ အကောင်အသေးလေးများအား မီးကုန်ယမ်းကုန်ပြုန်းတီးပေးနေသော မြိတ်ဒေသမှ ငါးအမှုန့်ကြိတ်စက်ရုံ(၅)ရုံနှင့် မြိတ်မြို့တွင်နေထိုင်သော လူဦးရေ(၂)သိန်းနီးပါး နေ့စဉ်ငါးအမှုန့်နံ့များ ကြောင့် ကျန်းမာရေးဆိုးရွားစွာထိခိုက်နေသည့် မြင်ကွင်းပုံ (ဟ-၂)

အချိန်၊ ၁၂း၁၄။

ဥက္ကဋ္ဌ။　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

အချိန်၊ ၁၂း၁၄။

ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။　　။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ရေနံချောင်း၊ ချောက်ကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးရန်ဆိုပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က ဆိုသွားပါတယ်။ အဲဒီအဆိုကို ကျွန်တော်က ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဟုတ်ပါတယ်။ ဦးဖေချစ် ပြောခဲ့တာက ဒီ သယံဇာတတွေကို ဖျက်ဆီးအောင်လို့ ပြောတာ မဟုတ်ဘဲနှင့် အမျိုးသားရေး တာဝန်တစ်ရပ်အနေနှင့် ပြောတာဖြစ်တဲ့အတွက် ကျွန်တော် ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီ နေရာမှာ ကျွန်တော် ဆွေးနွေးတဲ့အခါ ရှေ့က ကိုယ်စားလှယ်တော်ကြီးများလည်း သစ်တောပြုန်းတီးတာတွေ၊ သတ္တုတူးဖော်တာတွေကို တာဝန်ရှိတာတွေ၊ ပူးပေါင်းဆောင်ရွက်ဖို့ဆိုတာ သူ့ကဏ္ဍနှင့် သူ၊ သူ့ဒေသနှင့် သူ၊ သူ့အဖွဲ့အစည်းနှင့် သူ၊ ကိုယ်စားပြုပြီးတော့ ဆွေးနွေးသွားတာတွေ့ပါတယ်။ ကျွန်တော်လည်း ဒီနေ့ ကျွန်တော့်ဒေသ ကျွန်တော်ရဲ့ အခြေအနေကို ကိုယ်စားပြုပြီး ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝသယံဇာတကို ထုတ်ယူအသုံးချမှုနှင့်ပတ်သက်လျှင် တစ်ခုနှင့် တစ်ခုက ဆက်စပ်လျက်ရှိပါတယ်။ ဥပမာအားဖြင့် မြေသယံဇာတ အသုံးချမှုအကြောင်းပြောလျှင် မြေယာအသုံးချမှုနှင့်ဆက်စပ်သော ရေအကြောင်းကိုလည်း မပါမဖြစ် ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ သတ္တုတူးဖော်မှုကြောင့်၊ သစ်တော အလွန်အကျွံခုတ်လှဲမှုကြောင့်၊ သတ္တုနှင့်ဆက်စပ်သော ရေထုညစ်ညမ်းမှုများ၊ သစ်တောနှင့် ဆက်စပ်သော ရေကြီးရေလျှံမှုများ၊ သား၊ ငါးတိရစ္ဆာန်ရှားပါးခြင်းများ၊ မြစ်ချောင်းပြောင်းလဲခြင်းများ၊ ကမ်းပြိုတိုက်စားခြင်းများ၊ မြေဆီလွှာ၊ နုံးအနည်အနှစ် ပို့ချမှုနည်းပြီး ဓာတု ဓာတ်ကြွင်းများ ပါဝင်လာခြင်းကြောင့် မြေဆီလွှာခမ်းခြောက်စေခြင်းများသည် တစ်နေရာထဲတင် ရပ်မနေဘဲ ရွှေ့လျားစီးဆင်းနေသည့် ရေထုကြောင့် တစ်နေရာမှ တစ်နေရာသို့ ဆင့်ကဲဆင့်ကဲ ခံစားလာရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးများဟာ ဆိုလို့ရှိရင် သဘာဝအတိုင်း ပင်လယ်ထဲကို စီးဝင်ခဲ့သည်မှာ လူမပေါ်ခင်ကတည်းကပဲ ဖြစ်ပါတယ်။ သို့ဖြင့် ထိုသဘာဝမြစ်ကြီးများကို ဘဝပျက်ရသည့်ကိစ္စတွင် အဓိကတရားခံဟာ လူသားတို့မှတစ်ပါး အခြားမရှိပါဘူး။ ကမ္ဘာမှာထင်ရှားတဲ့ မြစ်ချောင်းကြီးအချို့ဟာ ပင်လယ်ထဲအထိ စီးဝင်ဖို့ မသေချာတော့တဲ့ အနေအထားရောက်ရှိနေပြီလို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အဖွဲ့ (WWF)က တွက်ပြထားပါတယ်။ မြစ်များ၏ခွန်အားပျက်ယွင်း၍ ပင်လယ်ထဲသို့ စီးဝင်ခြင်းမပြုနိုင်သည့်အခြေအနေတွင် မြစ်ရေ၊ ပင်လယ်ရေတို့က ငြိမ်သက်နေတာ မဟုတ်ပါဘူး။ လစ်ဟာသွားတဲ့နေရာမှာ ပင်လယ်ရေတွေက အစားထိုးဝင်ရောက်လာမှာ ဖြစ်ပါတယ်။ ဒါ ဥပမာအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသမှာ ယနေ့ကြုံတွေ့နေရတဲ့ ဆားငန်ရေဝင်ရောက်မှုများက သက်သေခံလျက်ရှိနေပါတယ် ခင်ဗျား။ မြန်မာနိုင်ငံ ထိပ်ဆုံးပိုင်းနေရာမှာတင် စတင်မြစ်ဖျားခံလာတဲ့ စပါးကျီလို့ နာမည်ကြီးတဲ့ အောက်ပိုင်းဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအထိ မြောက်မှတောင်သို့ မြစ်လက်တက်ပေါင်းများစွာဖြင့် အတန်းလိုက်စီးဆင်းကာ ကချင်ပြည်နယ်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းများကို ဖြတ်သန်းကာ မိုင်ပေါင်း(၁၃၀၀)ကျော် စီးဆင်းပြီး မြန်မာနိုင်ငံ၏ဧရိယာ (၆၁)ရာခိုင်နှုန်းသော ဧရာဝတီမြစ်ဝှမ်းဒေသကြီးကို နုန်းတင်မြေနုများ ပို့ချလျက်ရှိသော ဧရာဝတီမြစ်ကြီးသည် ကမ္ဘာ့သမိုင်းဝင်၊ မြန်မာ့အသက်သွေးကြော၊ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတမြစ်ကြီး တစ်ခုဖြစ်နေတယ်ဆိုတာတော့ အားလုံး လက်ခံပြီးသား ဖြစ်ပါတယ်ခင်ဗျား။

ယနေ့အချိန်တွင် ၎င်းမြစ်ကြီးမှာ မြစ်ညာပိုင်းဒေသတွင် စောစောကလည်း အားလုံးက အသီးသီး တင်ပြသွားပြီး ဖြစ်ပါတယ်။ မြစ်ညာဒေသတွင် မဆင်မခြင် သစ်ခုတ်မှုများ၊ သတ္တုတူးဖော်မှုများ၊ မြစ်ချောင်းများအတွင်း စက်ရုံများမှ ဓာတုပစ္စည်းများပါဝင်သည့် ညစ်ညမ်းသော ရေဆိုးထုတ်လုပ်မှုများ၊ မြစ်အတွင်း စည်းကမ်းမဲ့ မြစ်ကျောက်သဲ စုပ်ထုတ်မှုများကြောင့် ဧရာဝတီမြစ်ကြီးဟာ ကမ်းပါးပြိုခြင်း၊ မြစ်ချောင်းများ တိမ်ကောခြင်း၊ သဘာဝငါးသယံဇာတများ ပျက်စီးသေဆုံးခြင်းများ၊ နုန်းတင်မြေနုများ အတွင်း ဓာတုဓာတ်ကြွင်းများ ရောနှောပါဝင်လာခြင်းကြောင့် မြစ်ဝှမ်းဒေသတွင် ရာသီအလိုက် စိုက်ပျိုးသော သီးနှံများထွက်နှုန်းကျဆင်းလာသည်ကို မြစ်ဝှမ်းဒေသ တစ်လျှောက်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ လူများအားလုံးလက်ခံပြီး ဖြစ်ပါတယ်ခင်ဗျား။

Power Point အသုံးပြုခွင့်ပေးပါ။ ဒါ အားလုံးပဲ သိပြီးသားပါ။ ဧရာဝတီမြစ်ကြီး၊ ကျွန်တော် စောစောကလည်း ပြောခဲ့ပါတယ်။ ဒါ ဟိုး ဗမာပြည် အထက်ပိုင်းကနေ ဧရာဝတီမြစ်ဝှမ်းဒေသအထိ ပင်လယ်ထဲအထိ မိုင်ပေါင်း(၁၃၀၀)ကျော်၊ မြစ်လက်တက်တွေနှင့် စီးဆင်းလာပါတယ်။ ဧရာဝတီရဲ့ မြစ်ညာပိုင်း၊ ဧရာဝတီရဲ့ အနောက်ဘက်ခြမ်းမှာရှိတဲ့ ကသာခရိုင်မှာဆိုရင် လွန်ခဲ့တဲ့ (၁၂)နှစ်၊ (၁၅)နှစ် အတွင်းမှာ ဖြစ်ပျက်ပြောင်းလဲတာ ၁၉၈၈ ခုနှစ်က ဒီ သစ်တောကြီး ရှိသေးတယ်။ ၂၀၁၃ ခုနှစ်ကျတော့ ဒီလိုဖြစ်သွားပြီ။ ဒါ သစ်ခုတ်တဲ့ ကိစ္စပါ။ ဒါ Google ကနေပြီးတော့ ကျွန်တော်တို့ ရိုက်ပြထားတာပါ။ ကျွန်တော်တို့က စက်ရုံတွေကနေပြီးတော့ ထုတ်လုပ်လိုက်တဲ့ အညစ်အကြေးတွေဟာ ဧရာဝတီမြစ်ထဲ ဝင်သွားတဲ့အချိန်မှာ အဲဒီလို အရောင်ခွဲခြားရတဲ့ အဆင့်အထိ ရှိနေပါတယ်။ ဒါက ဧရာဝတီမြစ်ကြီးထဲမှာ ကျွန်တော်တို့ စည်းမဲ့ကမ်းမဲ့ ကျောက်၊ သဲ ထုတ်လုပ်နေတဲ့ အခြေအနေပါခင်ဗျား။

အဲဒီလို ထုတ်လုပ်နေလို့ မြစ်ကြောင်းကြီး ပြိုကျပျက်စီးလာပြီ မြစ်ကြောင်းက ဒီအခြေအနေပါပဲ။ ကျွန်တော်တို့ ဧရာဝတီမြစ်ကမ်းအနီး ဧရာဝတီမြစ်ကို မှီတင်းနေထိုင်ကြတဲ့ (၆၁)ရာခိုင်နှုန်းသော မြစ်ဝှမ်းဒေသမှာ ရှိတဲ့သူများ အဲဒီလိုဖြစ်နေတယ်ခင်ဗျား။ ဘုရားလေးပြိုသွားပြီခင်ဗျား။ မရှိတော့ဘူး။ အဲဒါ ကျွန်တော်တို့ ရေကာတာတွေ ရိုက်နေတာဗျာ၊ ဟိုဘက်ကရိုက်လိုက်၊ ဒီဘက်ပို့လိုက်၊ ဒီဘက်ကရိုက်လိုက်၊ ဟိုဘက်ပို့လိုက် ဖြစ်နေပါတယ်။ ကျွန်းတွေပြိုတော့ ကိုင်းတွေ လုပ်စရာမြေကွက် ရှားလာပြီခင်ဗျား။ ကျွန်တော်တို့ဆီမှာ ရေနံဟာ ဘုရင်မင်းတွေ လက်ထက်က ထွက်ပါတယ်။ ဒါပေမဲ့ ဒီနေ့မှာ

ကျွန်တော်တို့ (၆-၁)တို့ (၁၇-၁)တို့နှင့် ရှိနေပါသေးတယ်။ ကျွန်တော်တို့ ဧရာဝတီမြစ်ကြီးက အဲဒီလိုကြီး ဖြစ်နေပြီ။ ကျွန်တော်တို့ ဧရာဝတီမြစ်ကြီး ဘယ်လိုကယ်တင်ကြမလဲဆိုတာကို စဉ်းစားပေးကြပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က ဒီသယံဇာတတွေ ဘာကြောင့် ဒီလိုဖြစ်သလဲဆိုလို့ရှိရင် စဉ်းစားကြည့်ပါ။ ဌာနတိုင်း ဌာနတိုင်းမှာ ဥပဒေတွေရှိပြီးသားပါ။ သို့သော် ဒီဥပဒေကို အကောင်အထည် ဖော်တဲ့သူများ၊ တရားဥပဒေစိုးမိုးမှုကို အကောင်အထည်ဖော်တဲ့သူများ၊ ဒီသူများရဲ့ ချို့ယွင်းချက် ဖြစ်ခဲ့ ပါတယ်။ ဘာဖြစ်လို့လဲဆို ကျွန်တော်တို့ ငါးသယံဇာတ၊ ရေထဲမှာ ငါးကိုရှော့တိုက်တယ်။ မတရားသဖြင့် ဖမ်းတာကို ငါးလုပ်ငန်းဦးစီးက သွားပြီးတော့ဖမ်းကြတော့မယ်ဆို ဘယ်မှာလဲ သူတို့မှာ လက်နက်မရှိဘူး။ သူတို့မှာ ဥပဒေပဲရှိတယ်။ ဒါ ဥပဒေစိုးမိုးနိုင်ဖို့အတွက် မကူညီနိုင်တဲ့ အခြေအနေပါ။ နောက်တစ်ခုက ဗမာပြည်ထဲမှာဖြစ်နေတဲ့၊ ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်းဖြစ်နေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ မငြိမ်းချမ်းလို့ပါ။

ဒါကြောင့် ကျွန်တော်ကတော့ နိဂုံးချုပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ၊ ကျွန်တော်တို့ လွှတ်တော်ထဲ ရောက်လာခဲ့တာ တရားဥပဒေစိုးမိုးရေး။ နောက်တစ်ခါ ပြည်တွင်းစစ်ရပ်စဲရေးဆိုတဲ့ ကိစ္စတွေ မရှိသမျှ ကာလပတ်လုံး ကျွန်တော်တို့က အမျိုးသားရေးတာဝန် အနေနှင့် ဖြစ်လာနိုင်ပါ့မလား။ ဒီ နှစ်ခုပြေလည်သွားရင်တော့ ကျွဲကူးရေပါ ပါလာမယ်လို့ပြောရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဧရာဝတီမြစ်အတွင်း ရေဆိုးရေညစ်များ ဝင်ရောက်နေသည့် မြင်ကွင်းပုံ (၄)

ကမ်းပါးအနီး ရေတိုက်စားခြင်းမခံရမီ စေတီ၏ မြင်ကွင်းပုံ (ဌ-၁)

ဧရာဝတီမြစ်ကြောင်း ပျောက်ဆုံးနေပုံ (ဌ-၂)

အချိန်၊ ၁၂း၂၂။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို (၁၇)ရက်မြောက်နေ့ ၁၄-၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) အစည်းအဝေးတွင် ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၂း၂၂။

ဥက္ကဋ္ဌ။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်(သောကြာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၂း၂၂ နာရီအချိန်တွင် ရပ်နားပါသည်။]